ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့၊ (20-6-2008) (၅၇၁၅)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေး

နေပြည်တော် ဇွန် ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၇ရက် နံနက် ၈ နာရီခွဲတွင် ကျိုင်းတုံ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ပြည်နယ်သစ်တောဦးစီးဌာနမှူးက ပြည်နယ်အတွင်း ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ပျိုးပင် ၂၅၀၀၀၀ နှင့် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ပျိုးပင် ၃၆၆၀၈ ဖြန့်ဝေနိုင်မှု၊ ကျိုင်းတုံ နည်းပညာတက္ကသိုလ်တွင် နှစ်အလိုက် သစ်ပင်စိုက်ပျိုးထားရှိမှုများနှင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပျိုးပင်များကို လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများထံ ပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့က ဦးဆောင်၍ သစ်ပင်များ စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုးရာသီ သစ်ပင်စိုက်ပျိုးပေးနေမှုကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူစံပြပျိုးခြံသို့ ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူ ပျိုးပင် ၇၀၀၀၀ ပျိုးထောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

သစ်ပင်စိုက်ပျိုး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ကျိုင်းတုံ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေဝတီတိုင်းအတွင်းရှိ အခြေခံပညာကျောင်းအများစု ဖွင့်လှစ်ပြီးဖြစ် ဖွင့်လှစ်ရန်ကျန်သည့် ကျောင်းများ၏အဆင့်ကို ယခင်ထက်မြှင့်တင်ကာ ဇွန်လကုန်အပြီး ပြန်လည်ဖွင့်လှစ်ပေးသွားမည်

နေပြည်တော် ဇွန် ၁၉

ဧရာဝတီတိုင်းအတွင်း နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော အခြေခံပညာကျောင်းများကို ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ ကျောင်းအများစုမှာ ဇွန်လ ကျောင်းဖွင့်ရာသီတွင် ပြန်လည် ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းအနည်းငယ်သာ ဖွင့်လှစ်ရန်ကျန်ရှိကြောင်း သိရသည်။

ထိုသို့ ကျန်ရှိနေခြင်းမှာ မုန်တိုင်းကြောင့် ကျေးရွာများပျက်စီးသွားသဖြင့် အချို့ကျေးရွာများမှ ကျန်ရှိသည့် ကျေးလက်ပြည်သူများမှာ ၎င်းတို့အဆင်ပြေရာ အခြားကျေးရွာများ၌ သွားရောက်နေထိုင်ကြခြင်းကြောင့်လည်းကောင်း၊ မြစ်ဝကျွန်းပေါ်ဒေသ၏ သဘာဝအရ ချောင်းမြောင်းပေါများပြီး ကူးသန်းသွားလာရေးခက်ခဲသဖြင့် အချို့ကျေးရွာများရှိ ကျောင်းများမှာ ၎င်းတို့အစီအစဉ်ဖြင့်သာ ကိုယ့်အားကိုယ်ကိုး တည်ထောင်ထားသော တွဲဖက်ကျောင်းများဖြစ်ခြင်းကြောင့်လည်းကောင်း ပြန်လည်ဖွင့်လှစ်ရန် ကျန်ရှိနေခြင်းဖြစ်သည်။

အဆိုပါ ဖွင့်လှစ်ရန်ကျန်ရှိနေသော အခြေခံပညာကျောင်းများကို ကျေးရွာများ ပြန်လည်တည်ထောင်သည့်နေရာနှင့် အခြေအနေပေါ်မူတည်၍ ကျောင်းများ၏အဆင့်ကို ယခင်ထက်မြှင့်တင်ကာ ယခုဇွန်လကုန်အပြီး ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror ယနေ့ဆောင်းပါးအညွှန်း

"ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေ လိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိဘဲနဲ့ ဒီမိုကရေစီကို ဖော်ဆောင်လို့မရနိုင်ပါဘူး။ ဒီတော့ အခုလိုဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ပြည်သူက တစ်ခဲနက်ထောက်ခံမဲနဲ့ အတည်ပြုပေးလိုက်တာဟာ ဒီမိုကရေစီကို မြန်မြန်အကောင်အထည်ဖော်ပေးနိုင်ဖို့ လမ်းဖွင့်ပေးလိုက်တာပါပဲ။ ဒါဟာ ယနေ့ပြည်သူတွေရဲ့ ဆန္ဒအမှန်ဆိုတာ နားလည်ဖို့ လိုပါလိမ့်မယ်"

ကျော်မင်းလူ(ရွှေပြည်သာ)၏ **"ဒီမိုကရေစီပင်ပျိုလေးကို ပျိုးထောင်ရေလောင်း ပေါင်းသင်ကြရအောင်"**

(ဆောင်းပါး) စာမျက်နှာ- ၆၊၇

ကြေးမုံ
The Mirror
၂၀-၆-၂၀၀၈
(သောကြာနေ့)

ကျွဲ၊ နွားများ ခွာနာ လျှာနာ မဖြစ်ပွားရေး ကြိုတင် သတိပြုကာကွယ် ကုသ

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေပြုသည့်နိုင်ငံဖြစ်ရာ နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှု တိုးတက်လာရေးအတွက် စိုက်ပျိုးရေ ရရှိရေးအပါအဝင် သီးနှံမျိုးသစ်၊ ခေတ်မီစိုက်နည်းစနစ်နှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအချိန်သည် မိုးရာသီစပါးစိုက်ပျိုးချိန်ဖြစ်ရာ လုပ်ငန်းခွင်တွင် အထောက်အကူပြုနေသည့် ကျွဲ၊ နွားများ ရောဂါမကျရောက်ရေး ဂရုပြုကြရမည်ဖြစ်သည်။ မိုးရာသီ စိုထိုင်းဆများသော အချိန်ကာလများ၌ ခိုင်းကျွဲ၊ ခိုင်းနွားများ ခွာနာလျှာနာရောဂါ ဖြစ်ပွားတတ်သည်။

ကျွဲ၊ နွားများ ခွာနာလျှာနာ ဖြစ်ပွားသောအခါ ကိုယ်အပူချိန်တက်ခြင်း၊ လျှာ၊ ပါးစပ်များမှ သွားရည်များ ကျလာခြင်း၊ ရောဂါစတင်ဖြစ်ပွားပြီး နှစ်ရက်ခန့်အကြာတွင် လျှာအရေပြားကွာလာခြင်း၊ အစာမစားနိုင်ခြင်း၊ လျှာနှင့် ခွာများတွင် အနာများပေါက်ခြင်းနှင့် လမ်းမလျှောက်နိုင်ခြင်း လက္ခဏာများကို တွေ့မြင်ရမည်ဖြစ်သည်။

ခွာနာလျှာနာရောဂါ ဗိုင်းရပ်စ်ပိုး၏ သဘာဝအရ မိုးကာလတွင် စိုထိုင်းဆများသော လေမှတစ်ဆင့် အလွန်ဝေးကွာသော နေရာများရှိ အခြားခုခံမှုနည်းသော တိရစ္ဆာန်များသို့ပင် ကူးစက်နိုင်သည်။ ရောဂါဖြစ်ပွားသော တိရစ္ဆာန်များအား ခြံလှောင်ထားခြင်းမပြုဘဲ လွှတ်ကျောင်းသည့်အတွက် စားကျက်များမှတစ်ဆင့် ကျွဲ၊ နွား အချင်းချင်း ထိတွေ့ကူးစက်နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ကျွဲ၊ နွား ခွာနာလျှာနာရောဂါသည် တိရစ္ဆာန်အချင်းချင်း၏ သွားရည်၊ ဆီး၊ ဝမ်း၊ နှာရည်များမှတစ်ဆင့် ကူးစက်နိုင်သည့်အပြင် ကျွဲ၊ နွားများကို ကိုင်တွယ်သူမှတစ်ဆင့်လည်း အခြားတိရစ္ဆာန်များသို့ ကူးစက်နိုင်သည်။ ရောဂါဖြစ်ပွားသော တိရစ္ဆာန်များအား ခြံလှောင်၍ သီးခြားပြုစုကုသခြင်း၊ အာဟာရဖြစ်စေနိုင်သော အစားအစာများ ကျွေးမွေးခြင်း၊ ခြံပတ်ဝန်းကျင် သန့်ရှင်းရေးပြုလုပ်၍ ထုံးမှုန့်ဖြူးပေးခြင်းတို့ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုကဲ့သို့ စွတ်စိုထိုင်းမှိုင်းသော မိုးရာသီတွင် ကျွဲ၊ နွားများ ခွာနာလျှာနာ ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ မိမိတို့ဒေသတွင် အဆိုပါရောဂါဖြစ်ပွားကြောင်း သိရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့သို့ ဆောလျင်စွာ သတင်းပို့ခြင်း၊ ရောဂါဖြစ်ပွားသော ကျွဲ၊ နွားများအား စနစ်တကျ ဆေးဝါးကုသခြင်းတို့ကို အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

သာသနာ့ဂုဏ်ရည် သီလရှင်စာသင်တိုက်သို့ ပညာရေးအထောက်အကူပစ္စည်းများလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် နန္ဒင်းကုန်းရပ်ကွက် ဘုရားသုံးဆူလမ်း သာသနာ့ဂုဏ်ရည် သီလရှင်စာသင်တိုက်နှင့် သီလရှင်သင်(အမျိုးသမီး) ပညာရေးကျောင်း၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် နယ်စပ်တောင်တန်းဒေသများမှ မိဘမဲ့တိုင်းရင်းသူ ၁၀၀ ကျော်တို့အား လက်ခံ၍ သူငယ်တန်းမှ စတုတ္ထတန်းထိ ကျောင်းတိုက်ဆရာကြီး ဒေါ်ခေမာစာရီ၊ ဒေါ်ကုမာစာရီနှင့် ဆရာမများက ယင်းသီလရှင်သင်(အမျိုးသမီး) ပညာရေးကျောင်း၌ ဇွန် ၁၄ ရက်က ပညာသင်ကြားပေးလျက်ရှိသည်။**(အောက်ပုံ)**

အဆိုပါ ပညာသင်ကြားနေကြသော မိဘမဲ့ ကျောင်းသူလေးများအား အစားအစာ၊ အဝတ်အထည်များနှင့် ပညာရေးအထောက်အကူပစ္စည်းများ လှူဒါန်းလိုပါက ကျောင်းတိုက် ဖုန်း-၅၇၃၇၇၃၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၅၀၆)**

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့၏ (၃၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပ

နေပြည်တော် ဇွန် ၁၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့ (Asian Clearing Union-ACU)၏ (၃၇)ကြိမ်မြောက် ဒါရိုက်တာအဖွဲ့အစည်းအဝေးကို ဇွန် ၁၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ အေစီယူအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသော ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အီရန်၊ နီပေါ၊ ပါကစ္စတန်နှင့် သီရိလင်္ကာနိုင်ငံတို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ယင်းနိုင်ငံများ၏ ဗဟိုဘဏ်အသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အေစီယူအထွေထွေ အတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ လေ့လာသည့် နိုင်ငံအဖြစ် ဘီလာရုစ် ဗဟိုဘဏ်မှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် အေစီယူအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်မှာ ဆယ်စုနှစ် သုံးခုကျော်ပြီဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခဲ့ကြကြောင်း၊ ဒေသတွင်း ကုန်သွယ်ရေးနှင့် စီးပွားရေးတိုးတက်လာစေရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ငွေပေးချေမှု နည်းလမ်းများ၊ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ကြောင်း၊ အေစီယူအဖွဲ့ဝင်နိုင်ငံများ၏ ညီညီညွတ်ညွတ်ကြိုးပမ်းအားထုတ်မှုနှင့် ခွန်အားများသည် ကျရောက်လာနိုင်သည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခု အေစီယူအစည်းအဝေးသည် ထိရောက်မှုရှိသော မူဝါဒများကိုချမှတ်နိုင်ရန် အသိအမြင်နှင့် အတွေ့အကြုံများ ဖလှယ်ရန် အခွင့်အရေးကောင်းတစ်ရပ် ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ အေစီယူ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းက ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက ACU Mechanism ဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ငွေပေးချေမှုများတွင် အဆင်ပြေချောမွေ့စေရန် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးညှိနှိုင်းကြပြီး အစည်းအဝေးကို ညနေ ၅ နာရီတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အေစီယူအဖွဲ့ကို ၁၉၇၄ ခုနှစ်၌ စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ အနေဖြင့် ၁၉၇၇ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ အေစီယူအဖွဲ့ဝင်နိုင်ငံများအကြား ငွေပေးချေမှုနှင့် ငွေစာရင်း ရှင်းလင်းမှုများ အပါအဝင် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများကို အေစီယူအဖွဲ့၏ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့သဖြင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ကုန်သွယ်မှုလုပ်ငန်းများတွင် အကျိုးများစွာ ဖြစ်ထွန်းစေခဲ့ကြောင်းသိရှိရသည်။

(သတင်းစဉ်)

အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့၏ (၃၇)ကြိမ်မြောက် ဒါရိုက်တာအဖွဲ့ အစည်းအဝေးကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပစဉ်။ (သတင်းစဉ်)

လေဘေးသင့် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံများလှူဒါန်း

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့ရှိ လေဘေးသင့်ဒေသများမှ ရန်ကုန်ပညာရေးတက္ကသိုလ်၌ ပညာသင်ကြားလျက်ရှိကြသော ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ လုံချည်အစိမ်း အထည် ၂၀၀ ကို ဇွန် ၁၁ ရက်တွင် ရန်ကုန်ပညာရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ဝေဒီဖိနပ်စတိုးနှင့် Lily Shoe Collection မိသားစုတို့ ကိုယ်စား Lily Shoe Collection နာယက ဒေါ်ခင်တင့်က ရန်ကုန်ပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးထံ ပေးအပ်လှူဒါန်းသည်။

ထို့အတူ အဆိုပါ မိသားစုက ဇွန် ၇ရက်တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာမှ လေဘေးသင့်များအတွက် မိုးရေကာဖျင် ကိုက် ငါးရာကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေးဒရဲမြို့နယ် ကုလားမကျေးရွာ၊ ကျုံမငဲ့ကျေးရွာ၊ သမဲ့ကျေးရွာနှင့် ကျုံလတာကျေးရွာများသို့ ငွေကျပ်သိန်းနှစ်ဆယ် တန်ဖိုးရှိ ဆန်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်အမျိုးမျိုး၊ သင်္ကန်းနှင့် မိုးရေကာဖျင်များကိုလည်းကောင်း၊ ကျုံမငဲ့ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို ယာယီကျောင်းအဖြစ် ဖွင့်လှစ်သင်ကြားနိုင်ရန် လိုအပ်သော မိုးရေကာဖျင်ကိုက်နှစ်ရာကိုလည်းကောင်း ပေးအပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ထားသည့် ပုလဲကြည်သင်္ဘောထွက်ခွာ

ရန်ကုန် ဇွန် ၁၉

မော်လမြိုင်ကျွန်းမြို့နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီက လေဘေးသင့်ကျေးရွာများသို့ ပြန်လည်ထူထောင်ရေး ပစ္စည်းများ ဖြန့်ဝေပေးရန် မော်လမြိုင်ကျွန်းမြို့ ဆိပ်ကမ်းမှ ဇွန် ၁၈ ရက်တွင် ပုလဲကြည်သင်္ဘော ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ သင်္ဘောပေါ်တွင် ဆန်အိတ် ၁၀၀၊ လက်တွန်းထွန်စက် အစီး၂၀၊ မျိုးစပါးများနှင့် တောင်သူလယ်သမားများအား ဖြန့်ဝေရန် ကျွဲများလည်း ပါရှိသွားကြောင်း သိရှိရသည်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတောကျေးရွာအနီး ဧရာဝတီမြစ်ကျော် 230 KV မဟာဓာတ်အားလိုင်း တာဝါတိုင် အမှတ်(T-147) တိုင်သစ် တည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်-၂၊ လျှပ်စစ်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဧရာဝတီမြစ်ကျော် 230KV မဟာဓာတ်အားလိုင်း တာဝါတိုင်တည်ဆောက်ခြင်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၁၇ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လတ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် ကဇင်းတောကျေးရွာအနီးရှိ ဧရာဝတီမြစ်ကျော် 230 KV မဟာဓာတ်အားလိုင်း (Tension Tower) တိုင်အသစ်အောက်ခြေ Bored Pile ချခြင်းနှင့် Pile Cap တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ တာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် Golden Tri Star Co., Ltd. ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်နှင့် တာဝန်ရှိသူတို့က ဧရာဝတီမြစ်ကျော်တာဝါတိုင် အမှတ် (T-147) တိုင်သစ် အောက်ခြေထည် Bored Pile တည်ဆောက်မှု လုပ်ငန်းအချို့ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေ၊ တာဝါတိုင် အောက်ခြေထည် တည်ဆောက်ခြင်းလုပ်ငန်းများကို ဇူလိုင်လ ဒုတိယပတ်အတွင်း ပြီးစီးအောင် ယာဉ်/စက်ယန္တရားများနှင့် ကျွမ်းကျင်လုပ်သားများ အင်အားဖြည့်တင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းမောင်ကတာဝါတိုင်Bored Pile ချခြင်းနှင့် Pile Cap တည်ဆောက်ခြင်း ပြီးစီးပါက Tension Tower တိုင် အသစ်တိုင်ဆင်ခြင်းနှင့် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းများအစီအစဉ်ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ဧရာဝတီမြစ်ကျော်တာဝါတိုင် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အတွေ့အကြုံနှင့် နည်းပညာများ ပေါင်းစပ်တည်ဆောက်သွားကြရေး၊ အရည်အသွေး စံချိန်စံညွှန်းပြည့်မီစေရေး၊ မြစ်ရေစီးကြောင်း ပြောင်းလဲလာမှုအပေါ် မူတည်၍ စနစ်တကျ တိုင်းတာတွက်ချက်ပြီး ကြိုတင်စီမံ ဆောင်ရွက်သွားရေးနှင့် တာဝါတိုင် တည်ဆောက်ခြင်းစီမံကိန်းလုပ်ငန်းများသတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးရေးတို့ကိုမှာကြားပြီးလုပ်ငန်းခွင်အတွင်းကြည့်ရှုစစ်ဆေးကာလုပ်ငန်းလိုအပ်ချက်များကိုမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ ထန်းတပင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဓာတ်အားလိုင်း ချိတ်ဆက်သွယ်တန်းခြင်းနှင့် ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်း သွယ်တန်းခြင်းနှင့် ဓာတ်အားပို့လွှတ်ခြင်းဆိုင်ရာလုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာ ပင်မဓာတ်အားခွဲရုံမှ ဆိပ်ကြီးခနောင်တိုမြို့နယ်များနှင့် ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့ သစ်အစားထိုး သွယ်တန်းလျက်ရှိသည့် 33 KV ဓာတ်အားလိုင်း တိုင်ထူ/ ကြိုးဆွဲခြင်း လုပ်ငန်းများ၊ လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ ဆိပ်ကမ်းသာလမ်းနှင့် ဖန်ချက် ဦးရွှေအိုးလမ်း လမ်းများတစ်လျှောက်၌ ကွန်ကရစ်ကျောက်တိုင်များကို စက်ယန္တရားများအသုံးပြု၍ တိုင်ထူ/ကြိုးဆွဲခြင်းနှင့် ကြွေသီးများ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်း တိုင်ထူ/ကြိုးဆွဲခြင်း လုပ်ငန်းများ စနစ်တကျ ရှိစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများ ပြည့်ဝစေရေး အလေးထား ဆောင်ရွက်သွားကြရန် လိုအပ် ကြောင်းမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပေဗိမာန် စာမူဆုပြိုင်ပွဲ ၂၀၀၇ အတွက် ဘာသာပြန် စာမူပြဋ္ဌာန်း

ရန်ကုန် ဇွန် ၁၉

နှစ်စဉ်ကျင်းပလျက်ရှိသော စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ၂၀၀၇ခုနှစ်အတွက် စာမူများကို ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။ ဘာသာပြန်စာမူဆု ၂၀၀၇ ခုနှစ် အတွက် INTELLECTUAL PROPERTY AND TRADITIONAL CULTURAL EXPRESSIONS/ FOLKLORE ကို ပြဋ္ဌာန်းလိုက်သည်။

အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အရောင်းဆိုင်တွင် ငွေကျပ် ၂၀၀(ကျပ်နှစ်ရာတိတိ)ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး ယင်းပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်အဖွဲ့ စာတည်းဌာနတွင် ငွေကျပ်၁၀၀(ကျပ်တစ်ရာတိတိ)ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှ မှာယူလိုသူများသည် ကျပ် ၁၅၀/-(ကျပ်တစ်ရာ့ငါးဆယ်တိတိ) ကို ငွေသားသို့မဟုတ် တံဆိပ်ခေါင်းတန်ဖိုးဖြင့် ပေးပို့မှာယူနိုင်ကြောင်း သိရသည်။

ဘာသာပြန်စာမူ ပြဋ္ဌာန်းစာအုပ်ကို နယ်မှဝယ်ယူလိုသူများသည် စာအုပ်တန်ဖိုးနှင့် တံဆိပ်ခေါင်းဖိုး ကျပ် ၁၅၀/-အပါအဝင် စုစုပေါင်း ငွေကျပ်၃၅၀(ကျပ်သုံးရာ့ငါးဆယ်တိတိ)ကို ငွေပို့လွှာဖြင့် အထက်ပါလိပ်စာအတိုင်း မှာယူရရှိနိုင်သည်။ ဘာသာပြန်စာမူကို ဩဂုတ် ၃၁ ရက်နောက်ဆုံးထား၍ စာတည်းမှူးချုပ် စာပေဗိမာန်အဖွဲ့ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

မုန်တိုင်းသင့်ပြည်သူများအတွက် ဆက်လက်လှူဒါန်း

နေပြည်တော် ဇွန် ၁၉

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့်တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၉၂၃၀၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ်၈၅၅၆၁၀၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၀၄၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်းငွေကျပ် ၂၇၅၄၁၅၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ဇွန်၁၈ရက်အထိ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၂၇၄၈၆၉၁၁၁ ကျပ်ရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူရှင်များက ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၁၉

မုန်တိုင်းသင့် ပြည်သူများအတွက် စေတနာရှင် အလှူရှင်များက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမသို့ နေ့စဉ် လာရောက်လှူဒါန်းလျက်ရှိသည်။

ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် အလှူရှင် အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော ကုမ္ပဏီများက တန်ဖိုးငွေကျပ်သိန်း ၁၉၀ ရှိ ကြက်သွန်၊ အာလူး၊ ကုလားပဲ၊ ငရုတ်သီးစသည့် မီးဖိုဆောင်သုံးပစ္စည်းများကိုလည်းကောင်း၊ Pinn Family Co, Ltd မှ General Manager ဦးမိုးကျော်သန့်က ဗီယက်နမ်နိုင်ငံ Zamil Steel Industries Co, Ltd က လှူဒါန်းသော အမေရိကန်ဒေါ်လာ ၁၈၀၀၀ တန်ဖိုးရှိ ဆေးမျိုးစုံ၊ အစားအသောက်နှင့် အဝတ်အထည် မျိုးစုံတို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလားတူ လေဘေးသင့်ဒေသရှိ မိဘမဲ့ကလေးများ ကျောင်းအတွက် ဦးတင်ထွတ်နိုင်(တရားရုံးချုပ် တရားသူကြီး-ငြိမ်း)နှင့် ဇနီး ဒေါ်စောသီရိသိင်္ဂီ၊ သားမောင်သူရိန်စောထွတ်နိုင်တို့က အလှူငွေကျပ် တစ်သိန်း၊ ဦးဝင်းသိန်း၊ ဒေါ်ခင်ယင်းမာ(Win Thein&Son's Co, Ltd တို့က ငွေကျပ်ငါးသိန်း၊ စွမ်းထက်ကုမ္ပဏီမှ ငွေကျပ်ငါးသိန်း၊ ဒေါ်ယဉ်ယဉ်ဝိုင်း အမှတ်၂၁၈၊ ဓမ္မသုခကျောင်း လမ်းသွယ်၊ (၁၃)ရပ်ကွက် လှိုင်မြို့နယ်က ငွေကျပ်၁၅သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့အောက်ရှိ အဖွဲ့ခွဲလေးခုမှ စုပေါင်းလှူဒါန်းငွေကျပ် ၃၆၅၀၀၀ နှင့် နတ်သုဒ္ဓါဒံပေါက်(KSS)မှ ဘာလချောင်ကြော်၂၃၂ဘူးနှင့်A 21 ဆပ်ပြာ ကုမ္ပဏီမှA 21ဆပ်ပြာ ၂၈၈၀ တုံးတို့ကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံပြီးဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ Pinn Pinn Family Co, Ltd မှ General Manager ဦးမိုးကျော်သန့် ဗီယက်နမ်နိုင်ငံ Zamil Steel Industries Co, Ltd **က လှူဒါန်းသော အမေရိကန်ဒေါ်လာ ၁၈၀၀၀ တန်ဖိုးရှိ ဆေးမျိုးစုံ၊ အစားအသောက်နှင့် အဝတ်အထည်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သား၊ သမီးများအား ပညာသင်ထောက်ပံ့ငွေ ချီးမြှင့်ပေးအပ်သည့် အခမ်းအနားကို မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ရန်ငြိမ်းအောင်ခန်းမ၌ ဇွန် ၁၃ ရက်က ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးချစ်ဆွေ(ငြိမ်း)က ပညာသင်ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး

ပြည်တွင်းရေကြောင်းက သင်္ဘောများ၊ ဆိပ်ခံများနှင့် အမြန်ယာဉ်များ စီစဉ်ပေးနေ

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ဧရာဝတီတိုင်းတွင်း လေဘေးသင့်ခံရသည့် နေရာဒေသများအား ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပို့ဆောင်ရေးဝန်ကြီးဌာနက သင်္ဘောများ၊ ဆိပ်ခံများ ဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိပြီး ထောက်ပံ့ရေးနှင့် ပြန်လည် ထူထောင်ရေး ပစ္စည်းများကိုလည်း သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ပြည်တွင်းရေကြောင်း လုပ်ငန်းအနေဖြင့် လေဘေးသင့်ဒေသများအား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ မည်သို့ပါဝင် ကူညီဆောင်ရွက်ပေးနေမှုကို သိရှိရန် မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိနေသည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရဲ့ ညွှန်ကြားမှုနဲ့ ကျွန်တော်တို့ ပြည်တွင်းရေကြောင်းပိုင် သင်္ဘောလေးစင်းကို ဆေးရုံသင်္ဘောအဖြစ် အသုံးပြုဖို့ ပေးထားပါတယ်။ အဲဒီသင်္ဘောတွေက မော်လမြိုင်ကျွန်းမြို့ အခြေစိုက် ပပဝင်းဆေးရုံ သင်္ဘော၊ ဖျာပုံမြို့ အခြေစိုက် တတိုင်းမွှေး ဆေးရုံသင်္ဘော၊ ဘိုကလေးမြို့အခြေစိုက် တိုင်းအေးဆေးရုံ သင်္ဘောနဲ့ လပွတ္တာအခြေစိုက် ဝေဿန္တရာဆေးရုံ သင်္ဘောတွေ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ပြည်တွင်းရေကြောင်း အနေဖြင့် လေဘေးဒဏ်ခံရပြီးနောက် ဇွန် ၄ ရက်မှ စတင်ကာ သင်္ဘောခရီးစဉ်များကို ပြန်လည်ပြေးဆွဲပေးနိုင်သကဲ့သို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက်လည်းသင်္ဘောများဖြင့် သက်ဆိုင်ရာဒေသများသို့ ပို့ဆောင်ပေးလျက်ရှိသည်။ ထို့အပြင် ပြည်တွင်းရေကြောင်းပိုင် မေခသင်္ဘောသည် မုန်တိုင်းတိုက်ခတ်ချိန်၌ ဘိုကလေးမြို့နယ်အတွင်း ကမ်းကပ်ထားစဉ် လေဘေးဒဏ်ခံရသူ ကျေးရွာသား ၃၀၀ ခန့် သင်္ဘောပေါ်သို့ အလုအယက် တက်ရောက်လာသဖြင့် မုန်တိုင်းစဲချိန်တွင် ဘိုကလေးမြို့သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။ တစ်ဖန် လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော ကျေးရွာများမှ ကျန်ရစ်သူ ဒေသခံများအား မေခသင်္ဘောက အကြိမ်ကြိမ် သယ်ယူပို့ဆောင်ပေးခဲ့သဖြင့် မေခသင်္ဘောသည် အဆိုပါကျေးရွာများမှ ကျေးရွာသားတို့၏ ကယ်တင်ရှင်လည်းဖြစ်ခဲ့သည်။

ဧရာဝတီတိုင်းအတွင်း ဆိပ်ခံတွဲသစ်များ လိုက်လံချထားပေးမှုနှင့် ပတ်သက်၍လည်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က "ကျွန်တော်တို့ လုပ်ငန်းအနေနဲ့ ပြည်တွင်း သင်္ဘောလိုင်းတွေ အခုရာနှုန်းပြည့် ပြေးဆွဲနေပါပြီ။ တစ်ချိန်တည်းမှာ ကမ်းတင် နစ်မြုပ်သွားတဲ့ ရေယာဉ်နဲ့ ဆိပ်ခံတွေ ကမ်းချ ဖော်ယူရေး ဆောင်ရွက်နေသလို ဆိပ်ခံတွဲသစ်တွေ ချပေးနေပါတယ်။ အခုဆိုရင် ဧရာဝတီတိုင်းအတွင်းမှာ လပွတ္တာဆိပ်ခံတွဲ တ-၁၀၀၅၊ မော်လမြိုင်ကျွန်း ဆိပ်ခံတွဲ တ-၁၀၀၆၊ ဘိုကလေးဆိပ်ခံတွဲ တ-၁၀၀၈ နဲ့ ဖျာပုံဆိပ်ခံတွဲ တ-၁၀၀၉ တို့ကို နေရာချပေးပြီးဖြစ်ပါတယ်" ဟု ဆက်လက်ရှင်းပြသည်။

ရေယာဉ်နှင့် ဆိပ်ခံတွေ ကမ်းချဖော်ယူရေးဆောင်ရွက်နေသလို ဆိပ်ခံတွဲသစ်တွေ ချပေးနေပါတယ်။ (ဦးစိုးတင့်၊ဦးဆောင်ညွှန်ကြားရေးမှူး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ဆိပ်ကမ်းတွင် နစ်မြုပ်သွားသော ကသ-၀၀၈ ဆိပ်ခံတွဲအား ပြန်လည်ဆယ်ယူနေစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ဆိပ်ကမ်းတွင် မြစ်ဝကျွန်းပေါ်ဒေသရှိ လေဘေးသင့်ဒေသများ၏ လိုအပ်ချက်နှင့် လိုက်လျောညီထွေစွာ ပြုပြင်တည်ဆောက်ထားသည့် "တ"အမျိုးအစား ဆိပ်ခံတွဲသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဆိပ်ခံတွဲသစ်များမှာ အလျား ၁၁၄ ပေ ၁၀ လက်မ၊ အနံ ၁၉ ပေ ၈ လက်မ၊ ဇောက် ၄ ပေ ၈ လက်မနှင့် ကုန်တင်ဆောင်နိုင်မှု တန် ၁၀၀ နှင့် ကုန်သိုလှောင်နိုင်မှု တန် ၁၀၀ ထားရှိအသုံးပြုနိုင်သည့် မိုးလုံလေလုံ ဆိပ်ခံတွဲသစ်များဖြစ်သည်။ အဆိုပါ ဆိပ်ခံတွဲသစ်များကို ပြည်တွင်း အလှူရှင်များနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့က ပူးပေါင်းဆောင်ရွက်ထားကြခြင်း ဖြစ်သည်။

ယခုကဲ့သို့ ဆိပ်ခံတွဲသစ်များ နေရာချပေးမှု၏ ရည်ရွယ်ချက် အကျိုးကျေးဇူးများနှင့် ပတ်သက်၍လည်း "လေဘေးသင့်ခံရတဲ့ ဧရာဝတီတိုင်း အဓိက မြို့နယ်လေးခုမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ဖို့အတွက် သယ်ယူပို့ဆောင်ရေးနဲ့ သိုလှောင်ရေးကဏ္ဍတွေ ထိရောက်အဆင်ပြေဖို့ ပို့ဆောင်ရေးဝန်ကြီးရဲ့ ညွှန်ကြားချက်နဲ့ မြို့ပြထူထောင်ရေးမှာ သွက်လက်လျင်မြန်စေရေး အခုလို ဆိပ်ခံတွဲအသစ်တွေ နေရာချပေးနေခြင်း ဖြစ်ပါတယ်။ ဆိပ်ခံတွဲတွေ နေရာလိုက်ချပေးနေတာ အခု မော်လမြိုင်ကျွန်းမြို့မှာ ပြီးစီးပြီဖြစ်ပါတယ်။ ဒီလို ဆိပ်ခံတွဲ သစ်တွေ ချပေးမှုကြောင့်ရရှိမယ့် အကျိုးကျေးဇူးကတော့ မြို့ပြအင်္ဂါရပ်အညီ တင့်တယ်ခြင်း၊ ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ လွယ်လင့်တကူ ဆိုက်ကပ်နိုင်ခြင်း၊ ထောက်ပံ့ ထူထောင်ရေး ကုန်ပစ္စည်းများ၊ လျင်မြန်စွာ တင်ချနိုင်ခြင်း၊ ထောက်ပံ့ ထူထောင်ရေး ကုန်စည်များ လေလွင့်ပျက်စီးမှု ကာကွယ်နိုင်ခြင်းနဲ့ အဆောက်အအုံ ရှားပါးချိန်ကာလ၌ ကုန်သိုလှောင်ရုံအဖြစ် အသုံးပြုနိုင်ခြင်းတို့ဖြစ်ပါတယ်" ဟု ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က ပြောကြားသည်။

ထို့အပြင် ဧရာဝတီတိုင်းအတွင်း လေဘေးဒဏ်ခံရသော မြို့နယ်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အမြန်စက်တပ်ဖိုင်ဘာလှေ ၁၁ စင်း ကိုလည်း ပေးအပ်ခဲ့ရာတွင် ဖျာပုံ၌ နှစ်စင်း၊ ဘိုကလေး၌ သုံးစင်း၊ လပွတ္တာ၌ သုံးစင်းနှင့် မော်လမြိုင်ကျွန်းအတွက် သုံးစင်းတို့ဖြင့် အသုံးပြုလျက်ရှိကြောင်း တွေ့ဆုံမေးမြန်းမှတ်တမ်းကို ရေးသားတင်ပြလိုက်ရပါသည်။ ။

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အုန်းတောဘုရားလမ်းနေ ကွယ်လွန်သူ ကိုစန်းလွင်အား ရည်စူး၍ ကျန်ရစ်သူ မိသားစုက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Altimo Foundation မှ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၁၉

မုန်တိုင်းဒဏ်ခံခဲ့ရသည့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်အသုံးပြုရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Altimo Foundation မှ ဆေးဝါးပစ္စည်းနှင့် ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အရေးပေါ်နှင့် ပြင်ပလူနာဌာနရှိကျန်းမာရေးဝန်ကြီးဌာန၏ ယာယီကွပ်ကဲမှုရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး Dr.Mikhail Mgeladze က နှုတ်ခွန်းဆက်စကား ပြောကြားပြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Altimo Foundation မှ Senior Vice President Mr.Kiril Babaev က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Altimo Foundationမှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ သုံးသောင်းတန်ဖိုးရှိ ဆေးဝါးပစ္စည်းနှင့် ဆေးရုံသုံးပစ္စည်းများကို Senior Vice President Mr.Kiril Babaev က လှူဒါန်းရာ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦးက လက်ခံရယူပြီး **(အောက်ပုံ)** ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့တွင်းရှိ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်ခြံဝင်းများအတွင်းရှိ ပြိုလဲသစ်ပင်များနှင့်အမှိုက်များ အပြီးသတ်ရှင်းလင်းမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့တွင်းရှိ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် ခြံဝင်းများအတွင်းရှိ မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသောသစ်ပင်များနှင့် အမှိုက်များကို အပြီးသတ်ရှင်းလင်းနေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်တို့ကို မှာကြားသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ရန်ကုန်မြို့ ပြည်လမ်း အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံရှေ့ရှိ ပုဂ္ဂလိကပိုင် ခြံအမှတ်(၈) ရှေ့သို့ ရောက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့်တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ခြံဝင်းအတွင်း၌ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများက မုန်တိုင်းဒဏ်ကြောင့် ပြိုလဲသွားသော သစ်ပင်များအား စက်လွှများဖြင့် ဖြတ်တောက်ဖယ်ရှား ရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ဦးဝိစာရလမ်းရှိ မြို့မအားကစားကွင်းသို့ ရောက်ရှိကြပြီး ကွင်းအတွင်း၌ စုပုံထားသည့် သစ်ကိုင်းသစ်ခက် အမှိုက်သရိုက်များအား အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများက စက်ယန္တရားများဖြင့် အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား အမှိုက်များ ရှင်းလင်းပြီးစီးပါက ကွင်းအတွင်း၌ မြေသား ပြန်လည်ပြုပြင်မှုလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်ရေး၊ ပြိုလဲနေသော ပြန်လည် ရှင်သန်နိုင်သည့် သစ်ပင်များအား ပြန်လည်တည့်မတ် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံဘုရားလမ်းသို့ ရောက်ရှိကြပြီး နိုင်ငံတော်ပိုင် အဆောက်အအုံဝင်းအတွင်း၌ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများက ပြန်လည်ရှင်သန်နိုင်သည့် ပြိုလဲနေသောသစ်ပင်ကြီးများအား ဝန်ချီစက်ဖြင့် ဆွဲမ၍ ပြန်လည်တည့်မတ် စိုက်ပျိုးနေမှု၊ စိုက်ပျိုးပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား ပြိုလဲမည့်အန္တရာယ်ရှိနေသည့် ခြောက်သွေ့နေသော သစ်ပင်ကြီးအား စက်ယန္တရား အသုံးပြု၍ ဖယ်ရှားရှင်းလင်းရေး၊ ပြန်လည်ရှင်သန်နိုင်သည့် ပြိုလဲသစ်ပင်များ ပြန်လည်တည့်မတ်စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရောက်ရှိကြရာ တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးမြတ်ငြိမ်းက လေမုန်တိုင်းဒဏ်ကြောင့် တိရစ္ဆာန်ဥယျာဉ်အတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှု၊ တိရစ္ဆာန်ဥယျာဉ်ဝင်း အုတ်တံတိုင်းများ ပြန်လည် ပြုပြင်ပြီးစီးမှု၊ ပြိုလဲလျှပ်စစ်ဓာတ်တိုင်နှင့် ဓာတ်ကြိုးများ ပြန်လည် ပြင်ဆင်ပြီးစီးမှု၊ ရေရရှိမှုနှင့် အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တိရစ္ဆာန်ဥယျာဉ်ရှိ တိရစ္ဆာန်များ၏ ကျန်းမာရေးကို အလေးထား ဆောင်ရွက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဘာဂီယာဉ်ငယ်များဖြင့် တိရစ္ဆာန်ဥယျာဉ်အတွင်း လှည့်လည်၍ တိရစ္ဆာန်များထိန်းသိမ်းစောင့်ရှောက်မှုနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိရစ္ဆာန်ဥယျာဉ်ဝင်းအတွင်း၌ ဖြတ်တောက်စုပုံထားသော သစ်တုံးများအား စက်ယန္တရားဖြင့် ပြောင်းရွှေ့ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် တောင်ဥက္ကလာပမြို့နယ် မိခင်နှင့်ကလေးဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်မြင့်မြင့်အေးက ဆေးရုံနှင့်စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆေးရုံတွင် လျှပ်စစ်ဓာတ်အား အချိန်ပြည့်ရရှိရေးနှင့် စပ်လျဉ်း၍တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဆေးရုံဝင်းအတွင်း၌ အင်းတိုင်တပ်နယ်မှ တပ်မတော်သားများက ပြိုလဲသစ်ပင်နှင့် အမှိုက်သရိုက်များအား အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ မေတ္တာလမ်းမကြီးတစ်လျှောက်၌ အင်းတိုင်တပ်နယ်မှ တပ်မတော်သားများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ ပူးပေါင်းပြီး စက်ယန္တရားများဖြင့် ပြိုလဲသစ်ပင်များနှင့် အမှိုက်သရိုက်ဖယ်ရှားရှင်းလင်းနေမှု၊ ပြန်လည်ရှင်သန်နိုင်သည့် ပြိုလဲသစ်ပင်များ ပြန်လည်တည့်မတ်စိုက်ပျိုးနေမှု၊ ယာဉ်များနှင့် မလွတ်ကင်းသည့် သစ်ကိုင်းများ ခုတ်ထွင်ဖယ်ရှား ရှင်းလင်းနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လျှပ်စစ်အန္တရာယ် ဖြစ်ပေါ်နိုင်သည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ကိုင်းများအား ခုတ်ထွင်ဖယ်ရှား ရှင်းလင်းရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ဝင်းအတွင်း ဖြတ်တောက်စုပုံထားသော သစ်တုံးများအား စက်ယန္တရားဖြင့် ပြောင်းရွှေ့ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဇွန် ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ရာထူး၊ဌာန	ခန့်ထားသည့် ရာထူး၊ဌာန
(က) ဦးစိုးအောင် ဒုတိယညွှန်ကြားရေးမှူးချုပ် စွမ်းအင်စီမံရေးဦးစီးဌာန စွမ်းအင်ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စွမ်းအင်စီမံရေးဦးစီးဌာန စွမ်းအင်ဝန်ကြီးဌာန
(ခ) ဦးစန်းလွင်(၂) ဒုတိယညွှန်ကြားရေးမှူးချုပ် အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေးဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့်စာရင်းအင်း ဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန

ဒေါက်တာ ဦးကိုကိုလတ် Business Head(PFIZER Global Pharmaceutical, MEGA Products Limited) မှ မုန်တိုင်းသင့်ပြည်သူများအတွက် ငွေကျပ် ၅၁သိန်းတန်ဖိုးရှိသော ဆေးဝါးပစ္စည်းများကို ဇွန် ၁၆ရက်တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များထံ လာရောက်လှူဒါန်းစဉ်။ (ကျန်းမာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၀၈ (သောကြာနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သမုဒယကြောင့် ဒုက္ခဖြစ်အပိုင်းပြေးသံသရာ" တရားတော် (ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇း၅၅ - ၁း၅၅	မိုးကောင်းကျောင်းတိုက်မှ ပီတိဝေဖြာအလှူတော်မင်္ဂလာ
၈း၁၅ - ၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀ - ၂း၂၀	မြန်မာမှုလက်ရာပန်းတဉ်းပညာ
၈း၅၀ - ၂း၅၀	ရခိုင်စုံထူးကဲဆပ်ပြာမွှေးခဲ
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅ - ၃း၁၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၂၅ - ၃း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	ငှက်မျိုးစုံစွာပျော်စရာ ကမ္ဘာ (အပိုင်း-၁)
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅	Beautiful and Dawntless Females
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	Art Vision [Nargis Relief Art Show ပန်းချီပြပွဲ]
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၃၅ - ၅း၃၅	တေးဂီတအစီစဉ်
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ -၅း၄၅	စားချင်စဖွယ်နည်းအသွယ်သွယ် (မန္တလေးညှပ်ခေါက်ဆွဲသုပ်ပြုလုပ်နည်း)
၁၁း၅၅ - ၅း၅၅	ရွှင်မြူးသီကြွေးကဗျာတေး (ရွှေခဲကြက်တူရွေး)
၁၂း၀၀ - ၆း၀၀	သဘာဝအစားအစာများ "ရှားစောင်းလက်ပပ်ယိုနှင့်ဖျော်ရည်"
၁၂း၂၅ -၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀ -၆း၃၀	VJ Choice
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒီမိုကရေစီပင်ပျိုလေးကို ပျိုးထောင်ရေလောင်း ပေါင်းသင်ကြရအောင်

ကျော်မင်းလူ(ရွှေပြည်သာ)

မူဝါဒလမ်းစဉ်(၇)ရပ် (ဝါ)ဒီမိုကရေစီလမ်းပြမြေပုံကတော့ အဆင့်(၄)ကို အောင်မြင်ပြီးမြောက်လို့ အတော်ကို ခရီးပေါက်လာခဲ့ပါပြီ။ ပြောရရင် အဆင့်(၅)ဆီကို အရှိန်အဟုန်ကောင်းကောင်းနဲ့ ချီတက်နေပြီ ဖြစ်ပါတယ်။ ဖြတ်သန်းပြီးမြောက်ခဲ့တဲ့ အဆင့်(၄)ဆင့်ထဲမှာ အမျိုးသားညီလာခံဆိုတဲ့ အင်မတန်ကြီးမားကျယ်ပြန့်လေးနက်တဲ့ လုပ်ငန်းစဉ်ကြီးကို ပြည်သူအားလုံး၊ တိုင်းရင်းသားညီနောင်အားလုံးရဲ့ ပူးပေါင်းပါဝင်လက်တွဲမှုနဲ့ ချောမောအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သလို ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျင်းပခဲ့တဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာလည်း ပြည်သူအားလုံးရဲ့ တစ်ခဲနက်ထောက်ခံမဲနဲ့ အမှန်တရားဘက်က အပြတ်အသတ် အနိုင်ရခဲ့ပြီးပါပြီ။ နိုင်ငံနဲ့ပြည်သူအတွက် အရေးပါတဲ့ မှတ်တမ်းဝင် ဖြစ်စဉ်ဖြစ်ရပ်တွေဖြစ်သလို ကြီးမားတဲ့ အမျိုးသားရေးအောင်ပွဲတွေလို့လည်း အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပြည်သူအားလုံးက ဒီမိုကရေစီကို လိုလားတောင့်တနေပါတယ်။ ပြောရရင် ၁၉၈၈ခုနှစ် တစ်ပါတီစနစ် ပြုတ်ကျသွားကတည်းက ပြည်သူက ဒီမိုကရေစီနဲ့ ဈေးကွက်စီးပွားရေး ဆိုတာကို ဆန္ဒပြုခဲ့ကြတာပါ။ ဒါကြောင့်လည်း တည်ဆဲအစိုးရက တစ်ပါတီစနစ်ကို ဖျက်သိမ်းပြီး ပါတီစုံဒီမိုကရေစီစနစ်ဆီကို ဦးတည်ဖော်ဆောင်ပေးနေသလို တစ်ဖက်ကလည်း ဆိုရှယ်လစ် စီးပွားရေးစနစ်ဆိုတာကို ပယ်ဖျက်ပြီး ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးခဲ့တာပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေလိုပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ မရှိဘဲနဲ့ ဒီမိုကရေစီကို ဖောင်ဆောင်လို့ မရနိုင်ပါဘူး။ ဒီတော့ အခုလို ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကို ပြည်သူက တစ်ခဲနက်ထောက်ခံမဲနဲ့ အတည်ပြုပေးလိုက်တာဟာ ဒီမိုကရေစီကို မြန်မြန်အကောင်အထည်ဖော်ပေးနိုင်ဖို့ လမ်းဖွင့်ပေးလိုက်တာပါပဲ။ ဒါဟာ ယနေ့ပြည်သူတွေရဲ့ ဆန္ဒအမှန်ဆိုတာ နားလည်ဖို့လိုပါလိမ့်မယ်။

ဘာလို့ ကျွန်တော် ဒါတွေပြောနေရတာလဲလို့ မေးစရာရှိပါတယ်။ ပြောပါ့မယ်။ အကြောင်းကတော့ ကျွန်တော်တို့နိုင်ငံတော်ရဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှုအပေါ် အစဉ်တစိုက် ဆန့်ကျင်ကန့်ကွက်ပြီး ကဖျက်ယဖျက်လုပ်ခဲ့တဲ့ ပါတီကြီးတစ်ခုရဲ့ လုပ်ရပ်ကို သုံးသပ်ပြချင်လို့ပါ။ အများသိပြီးဖြစ်တဲ့အတိုင်း ၂၀၀၈ခုနှစ်၊ ဇွန်လ (၁၈)ရက်နေ့စွဲနဲ့ NLD ရဲ့ အထူးကြေညာချက် အမှတ်(၁၄)ဆိုတာ ထွက်ခဲ့ပါတယ်။ တစ်ဆက်တည်း NLD ရဲ့ နောက်မြီးဆွဲ ဝါရင့်နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်များဆိုတဲ့ အဖွဲ့ကလည်း NLDရဲ့ လေသံကိုလိုက်ပြီး သဘောထား ထုတ်ပြန်ချက်ဆိုတာကို တစ်နေ့တည်း ပြိုင်တူထုတ်ခဲ့ပါသေးတယ်။ သဘောထားတောင်းဆိုချက် ကတော့ NLDရဲ့ နောက်လိုက်တွေပီပီ NLDနဲ့ ပိန်မသာလိမ်မသာဆိုသလိုပါပဲ။

ပြောရရင် NLDဟာ တည်ဆဲအစိုးရလုပ်သမျှ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလာခဲ့တဲ့အပြင် ကြေညာချက်ဆိုတာတွေကိုလည်း ပလူပျံအောင် ထုတ်နေခဲ့တဲ့ပါတီပါ။ တစ်ဖက်အစိုးရက ဘယ်လောက်ပဲ ကောင်းတာလုပ်လုပ် အကောင်းတစ်စက်မှ မပြောပါဘူး။ အဲ- - -တစ်ချက်တလေများ ဟာကွက်ထောက်ကွက်လေး တွေ့ပြီဆိုလို့ကတော့ အမျိုးမျိုးပုံကြီးချဲ့၊ တစ်ဆိတ်ကို တစ်အိတ်လုပ်ပြီး ရေရေလည်လည်စွပ်စွဲပုတ်ခတ်တိုက်ခိုက် တော့တာပါပဲ။ တည်ဆဲအစိုးရရဲ့ သည်းခံနားလည် ခွင့်လွှတ်ပေးမှုအပေါ် ကမ်းကုန်အောင် အခွင့်အရေးယူပြီး ငြိုးသူရန်ဘက်လို ဆက်ဆံနေတဲ့ ပါတီသာဖြစ်ပါတယ်။

ပြောမယ်ဆိုရင်တော့ အများကြီးပါ။ ဒါပေမယ့် ဟိုးပဝေသဏီက အပြစ်အနာဟောင်းတွေ ပြန်မဆွချင်တော့လို့ လိုရင်းပဲပြောပါမယ်။ အမျိုးသားညီလာခံကျင်းပနေတုန်းက ဒီညီလာခံကြီးကို အမျိုးမျိုးသေးသိမ်အောင် အပုပ်ချတိုက်ခိုက်ခဲ့သလို အဲဒီညီလာခံကြီးက ဆုံးဖြတ်ချမှတ်ပေါ်ထွက်လာတဲ့ အခြေခံမူတွေနဲ့ အသေးစိတ်အခြေခံရမယ့် မူတွေကိုလည်း ချက်ချင်းပဲလွှင့်ပစ်ရတော့မယောင်ယောင် ဝေဖန်ထိုးနှက်ခဲ့တာပါပဲ။ အလားတူ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုဖို့ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပမယ်ဆိုတော့လည်း လွတ်လပ်ပြီးတရားမျှတတဲ့ ဆန္ဒခံယူပွဲဖြစ်မှာ မဟုတ်ဘူးတို့၊ စစ်အစိုးရတစ်ဖက်သတ်ရေးဆွဲထားတဲ့ အခြေခံဥပဒေမို့လို့ ဆန့်ကျင်ရမယ်လို့၊ Vote-no တို့၊ No-Vote တို့နဲ့ မရှုပ်ရှုပ်အောင်လုပ်ပြီး မမောနိုင်မပန်းနိုင် ကဖျက်ယဖျက်လုပ်ခဲ့တာပါပဲ။

ဒါပေမယ့် ဒီနေ့ပြည်သူက သိပါတယ်။ မဍ္ဍူသကနတ်ပန်းနဲ့ ပဒိုင်းပွင့်ကို ကောင်းကောင်းခွဲခြားတတ်ပါတယ်။ အမှားအမှန်ကို ကိုယ်ပိုင်အသိဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင် ဆန်းစစ်နိုင်နေပါပြီ။ ဒီတော့ ကောင်းတာလုပ်ရင် ကောင်းမှန်းသိတယ်၊ လက်ခံတယ်။ မကောင်းတာလုပ်ရင် မကောင်းမှန်းသိတယ်၊ ငြင်းပယ်မယ်။ ဒီတော့တပ်မတော်အစိုးရက ဘာလုပ်ခဲ့လို့ ပြည်သူက ထောက်ခံနေတာလဲ။ ပြန်ကြည့်ကြရအောင်။

တပ်မတော်အစိုးရက သူတာဝန်ယူတဲ့အချိန်ကစပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းအောင်လုပ်တယ်။ တရားဥပဒေစိုးမိုးအောင်လုပ်တယ်။ နယ်စပ်ဒေသမကျန် တစ်နိုင်ငံလုံးဖွံ့ဖြိုးတိုးတက်အောင် အခြေခံအဆောက်အအုံတွေ အုံနဲ့ကျင်းနဲ့ တည်ဆောက်ပေးတယ်။ လမ်းတံတားတွေ၊ ဆည်မြောင်းတာတမံတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ၊ ဈေးတွေ စသည်ဖြင့် ပြည်သူအားလုံး လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာဖို့ အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ပေးတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍစုံမှာ ဘယ်ခေတ်ဘယ်အခါကနဲ့မျှ မယှဉ်သာအောင်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးခဲ့တယ်။ တစ်ဖက်ကလည်း ပြည်ထောင်စုကြီးရဲ့ ရေရှည်အကျိုးစီးပွားကို မျှော်မှန်းပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို တည်ဆောက်ပေးနိုင်ခဲ့တယ်။ ဒါဟာ တပ်မတော်အစိုးရရဲ့ တကယ့်အောင်မြင်မှုပါ။ တကယ့်လက်တွေ့အမှန်တရားပါ။

ဒီလို အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်နိုင်ဖို့၊ ဒီလိုအေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်မြင့်မားတဲ့ဘဝကို ရောက်လာဖို့ ဘယ်လောက်ကြိုးပမ်းတည်ဆောက်ခဲ့ရတယ်၊ ဘယ်လောက်ပေးဆပ်ရင်းနှီး စွန့်လွှတ်စွန့်စားခဲ့ကြရတယ်ဆိုတာ မပြောလည်း သိသင့်ပါတယ်။ ပြည်တွင်းက ပုဆိန်ရိုးအုပ်စုရဲ့ ဆန့်ကျင်မှုတွေ၊ ပြည်ပနိုင်ငံအချို့ရဲ့ ဖိအားပေးမှုတွေ၊ စီးပွားရေးပိတ်ဆို့မှုတွေ အပါအဝင် အမျိုးမျိုးသော အနှောင့်အယှက် အဖျက်ရန်စွယ် အသွယ်သွယ်ကြားထဲက နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ ကျောချင်းကပ် ရင်ချင်းအပ်ပြီး မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်ကျော်လွှား အောင်မြင်နိုင်ခဲ့တာဖြစ်ပါတယ်။ တော်ရုံစိတ်ရင်းစေတနာနဲ့၊ တော်ရုံစည်းလုံးညီညွတ်မှုနဲ့၊ တော်ရုံကြိုးပမ်းအားထုတ်မှုမျိုးနဲ့ ဒီနေ့ဒီအခြေ မရောက်လာနိုင်ဘူးဆိုတာ ကျွန်တော်တို့ပြည်သူအားလုံးက သိမြင်နားလည်ပြီးသားပါ။

ဒါကြောင့် ဒီနေ့ပြည်သူက တပ်မတော်အစိုးရရဲ့ စေတနာမှန်၊ လုပ်ရပ်မှန်တာကို အသိအမှတ်ပြုပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ တောရောမြို့ပါ၊ တောင်တန်းနယ်စပ်မကျန် အားလုံးထောက်ခံခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလို ရာနှုန်းပြည့်နီးပါးထောက်ခံလိုက်ပြီဆိုမှ မျက်ကလဲဆန်ပျာဖြစ်ပြီး NLD ရဲ့ ကြေညာချက် အမှတ်(၁၃)ဆိုတာ မကြာသေးမီက ထွက်လာခဲ့ပါသေးတယ် ။ ထုံးစံအတိုင်း ဒီဆန္ဒခံယူပွဲဟာ မတရားပါဘူး၊ လူထုအပေါ် အကျပ်ကိုင်ပြီး မလျော်ညီဇာသုံးတာတွေရှိပါတယ်။ အာဏာပိုင်တွေက ဆန္ဒခံယူပွဲဥပဒေကို ချိုးဖောက်ပြီး ထောက်ခံမဲတွေ အတင်းထည့်ခိုင်းပါတယ်။ လွတ်လပ်ပြီး တရားမျှတမှုမရှိတဲ့အတွက် ပြည်သူရဲ့စစ်မှန်တဲ့ ဆန္ဒကို ဖော်ထုတ်ခွင့် မရခဲ့ပါဘူး။ ဒါကြောင့် ဒီအခြေခံဥပဒေကို ကန့်ကွက်ပါတယ်၊ တရားမဝင်ပါဘူး စသည်ဖြင့် ထင်ရာမြင်ရာတွေပြောပြီး မိုးကြိုးပစ်တာကို ထန်းလက်နဲ့ကာဖို့ ကြိုးစားတာမျိုးကတော့ မဖြစ်သင့်ဘူးထင်ပါတယ်။ ဝါရင့်အဖွဲ့ရဲ့ ထုတ်ပြန်ချက်ကလည်း ဒါကိုပဲမိတ္တူကူးပြီး အဆုံးမှာသုံးပွင့်ဆိုင် ဆွေးနွေးရေးတောင်းထားတာပါပဲ။ တည်ဆဲအစိုးရကို ဆန့်ကျင်ပြီးထုတ်တဲ့ ကြေညာချက်တွေဆိုပေမယ့် ဒီဖြစ်စဉ်ဖြစ်ရပ်ကြီးရဲ့ အဓိကအဆုံးအဖြတ်ပေးသူက ပြည်သူဖြစ်တဲ့အတွက် ပြည်သူရဲ့အဆုံးအဖြတ်ကိုပါ ထိပါးစော်ကားရာရောက်သလို ပြည်သူ့ဆန္ဒကို ဆန့်ကျင်ရာလည်း ရောက်တယ်လို့ဆိုနိုင်ပါတယ်။

တကယ်တော့ ပြည်သူကသာမပါရင် မဟုတ်မဟတ်လုပ်ရပ်တွေ၊ လှည့်စားဖြားယောင်းမှုတွေ၊ မလျော်ညီဇာသုံးမှုတွေ ဘယ်လောက်ပဲ လုပ်စေကာမူ ဒီရာခိုင်နှုန်းနဲ့ ဒီရလဒ်မျိုးကို ရနိုင်စရာအကြောင်း မရှိပါဘူး။ ပြည်သူပါတာကလည်း NLD ပြောသလို ကြောက်လို့၊ မသိနားမလည်လို့၊ ဆွဲဆောင်သိမ်းသွင်းခံရလို့ပါသွားတာမျိုးမဟုတ်ရပါဘူး။ ဒီနေ့ ပြည်သူကို ဒီလိုနည်းလမ်းတွေသုံးလို့လည်း အလုပ်မဖြစ်နိုင်ပါဘူး။ တကယ်ကို အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားနားလည်ပြီး အမှန်တရားဘက်က တစ်ခဲနက်ရပ်တည်ထောက်ခံ ဆန္ဒပြုခဲ့ကြခြင်းသာဖြစ်ပါတယ်။ ဒီတော့ အဖြစ်မှန်၊ အခြေအနေမှန်ကို အမှန်အတိုင်း လက်ခံပြီး ယနေ့ပြည်သူအပေါ် အထင်အမြင်သေးရာရောက်တဲ့၊ နှိမ့်ချစော်ကားရာရောက်တဲ့ ကြေညာချက်မျိုးတွေကိုရပ်တန်းကရပ်ဖို့ NLD ကို ပြည်သူ့ကိုယ်စားအကြံပြုပါရစေ။ ပြည်သူ့ဆန္ဒကိုလည်း အလေးထားပါလို့ ပြည်သူ့ကိုယ်စား တောင်းဆိုပါရစေ။

အခုလည်း မဲပြာပုဆိုးကြေညာချက် (၁၄)ဆိုတာ ထပ်ထွက်လာခဲ့ပြန်ပါပြီ။ နာဂစ်မုန်တိုင်းကို အကြောင်းပြပြီး စိတ်ပဲမကောင်းသယောင်၊ ဝမ်းပဲနည်းသယောင် နိဒါန်းပျိုးပြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို NLD က လုံးဝလက်မခံနိုင်ပါဘူး။ ဒါကြောင့် နိုင်ငံရေးပါတီတွေ၊ တိုင်းရင်းသားလူမျိုးစုတွေ၊ ဒီမိုကရေစီအင်အားစုတွေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ လိုပါမယ်၊ ၉၀ ရွေးကောက်ပွဲရလဒ်အတိုင်း လွှတ်တော်ကို အမြန်ဆုံးခေါ်ပေးပါ စတဲ့ ဘယ်လိုမှမဖြစ်နိုင်တဲ့ ထပ်ခါတလဲလဲ တောင်းဆိုမှုတွေသာ ဖြစ်နေပြန်ပါတယ်။ တကယ့်ကို စိတ်ပျက်စရာပါပဲ။ ဒါ့အပြင် NLD ကြေညာချက် ပီသရလေအောင် ပြည်သူတွေမှာ ဆင်းရဲဒုက္ခရောက်ပြီး လူနေမှုအဆင့်အတန်းလည်း အများကြီးနိမ့်ကျနေပါပြီ၊ ငွေကြေးဖောင်းပွမှု အဆမတန်မြင့်မားပြီး အခြေခံစားကုန်ဈေးနှုန်းတွေ အလွန်အမင်း မြင့်တက်နေပါပြီ စသဖြင့် ချိုးချိုးဖွဲ့ဖွဲ့ နှိမ့်ချပုတ်ခတ်မှုတွေလည်း ပါပါသေးတယ်။ ပြောရရင်တော့ ကျလည်းကျလောက်တဲ့ ပါတီပါပဲ။

ပြည်သူတွေဆင်းရဲနေပြီ၊ လူနေမှုအဆင့်နိမ့်နေပြီ၊ ငွေကြေးဖောင်းပွမှု မြင့်မားနေပြီလို့ လက်ညှိုးငေါက်ငေါက်ထိုးပြီး သားပုပ်လေလွင့်စွပ်စွဲတာက လွယ်ပါတယ်။ ဒါပေမယ့်မေးပါရစေဦး၊ အဲဒါတွေ အဲဒီလို မဖြစ်ရအောင် NLD က ဘာများလုပ်ပေးခဲ့ဖူးပါသလဲ။ တိုင်းပြည်နဲ့လူမျိုးအကျိုးရှိရာရှိကြောင်း စေတနာကောင်းနဲ့ ဘာတွေများ ဝိုင်းကူပူးပေါင်းပံ့ပိုးဆောင်ရွက်ပေးခဲ့ဖူးပါသလဲ။ ကျွန်တော်တို့ ပြည်သူတွေ သိတာကတော့ NLDဟာ တိုင်းပြည်မငြိမ်မသက်ဖြစ်အောင် အစဉ်တစိုက်လုပ်နေကြတဲ့ အဖျက်အုပ်စုသာ ဖြစ်တယ်၊ စီးပွားရေးပိတ်ဆို့မှုဆိုတဲ့ မဟာမွဲဆေးကြီးကို NLDခေါင်းဆောင်ဆိုသူ ကိုယ်တိုင်က ရှုးသွပ်မိုက်မဲစွာ ဖော်ပေးခဲ့ခြင်းဖြစ်တယ်ဆိုတာပါပဲ။ နိုင်ငံနဲ့လူမျိုးအတွက် ဘာတစ်ခုမျှ အကျိုးဆောင်မပေးနိုင်ခဲ့တဲ့အပြင် ဒုက္ခမရောက်ရောက်အောင် ဒုက္ခတွင်းထဲအတင်းတွန်းပို့ဖို့ကြိုးပမ်းခဲ့တာ NLDပဲ မဟုတ်ဘူးလား။ ဒီနေ့ဒီအခြေမှာ အစိုးရ၊ ပြည်သူနဲ့ တပ်မတော်ရဲ့ စုစည်းညီညွတ်မှုစွမ်းအားနဲ့ ဒီလိုဆန့်ကျင်ပိတ်ဆို့မှုတွေကို ကျော်လွှားအောင်မြင်ပြီး ကိုယ်ပိုင်အင်အားနဲ့ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နိုင်တဲ့အခြေ ရောက်နေပြီဆိုတာ အားလုံးသိနေရဲ့နဲ့ NLD မသိသေးတာ အံ့ဩဖို့ကောင်းလှပါတယ်။

အခုလိုအခြေခံဥပဒေကို အတည်ပြုပြီးနောက်မှာ အစိုးရကို ဆန့်ကျင်သူများရော၊ ထောက်ခံသူများပါ ဥပဒေနဲ့အညီ ပါတီထောင်ခွင့်၊ စည်းရုံးခွင့်၊ မဲဆွယ်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်တွေ ရရှိကြမှာ ဖြစ်ပါတယ်။ ဒါဟာ ပြည်သူ့ဆန္ဒနှင့်အညီ ဒီမိုကရေစီ ဖော်ဆောင်နိုင်ရေးအတွက်

စာမျက်နှာ ၇ ကော်လံ ၁ သို့

တကယ်တော့ ပြည်သူကသာမပါရင် မဟုတ်မဟတ်လုပ်ရပ်တွေ၊ လှည့်စားဖြားယောင်းမှုတွေ၊ မလျော်ညီဇာသုံးမှုတွေ ဘယ်လောက်ပဲ လုပ်စေကာမူ ဒီရာခိုင်နှုန်းနဲ့ ဒီရလဒ်မျိုးကို ရနိုင်စရာအကြောင်း မရှိပါဘူး။ ပြည်သူပါတာကလည်း NLD ပြောသလို ကြောက်လို့၊ မသိနားမလည်လို့၊ ဆွဲဆောင်သိမ်းသွင်းခံရလို့ပါသွားတာမျိုးမဟုတ်ရပါဘူး။ ဒီနေ့ ပြည်သူကို ဒီလိုနည်းလမ်းတွေသုံးလို့လည်း အလုပ်မဖြစ်နိုင်ပါဘူး။ တကယ်ကို အမှားအမှန်၊ အကြောင်းအကျိုး၊ အကောင်းအဆိုးကို ခွဲခြားနားလည်ပြီး အမှန်တရားဘက်က တစ်ခဲနက်ရပ်တည်ထောက်ခံ ဆန္ဒပြုခဲ့ကြခြင်းသာ ဖြစ်ပါတယ်။ ဒီတော့ အဖြစ်မှန်၊ အခြေအနေမှန်ကို အမှန်အတိုင်း လက်ခံပြီး ယနေ့ပြည်သူအပေါ် အထင်အမြင်သေးရာရောက်တဲ့၊ နှိမ့်ချစော်ကားရာရောက်တဲ့ ကြေညာချက်မျိုးတွေကို ရပ်တန်းကရပ်ဖို့ NLD ကို ပြည်သူ့ကိုယ်စား အကြံပြုပါရစေ။ ပြည်သူ့ဆန္ဒကိုလည်း အလေးထားပါလို့ ပြည်သူ့ကိုယ်စား တောင်းဆိုပါရစေ။

✡ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ရှေ့တစ်ဆင့်လမ်းပွင့်သွားခြင်းသာဖြစ်ပါတယ်။ မကြာမီမှာ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ပါတီထူထောင်ခွင့်၊ မဲဆွယ်စည်းရုံးခွင့်၊ ရွေးကောက်ပွဲ ဝင်ခွင့်တွေရလာတော့မယ်။ ပြီးရင် ၂၀၁၀ပြည့်နှစ်မှာ ကျင်းပမယ့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ တရားသဖြင့် ပါဝင်ယှဉ်ပြိုင်ကြမယ်။ ပြည်သူ့ဆန္ဒမဲနဲ့ အရွေးချယ်ခံရပြီဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေ ဖြစ်လာမယ်။ ဒီတော့လွှတ်တော် အတွင်းမှာ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်တွေ အတွက် ကိုယ်တိုင်ဆွေးနွေး ညှိနှိုင်းဆုံးဖြတ်ခွင့်တွေလည်း ရလာမှာ မလွဲပါပဲ။ ဒီတော့ လျှောက်ရမယ့်လမ်းက ဖြောင့်ဖြူးထင်ရှားနေပါပြီ။

ဒီလမ်းကြောင်းကို မမြင်ချင်ယောင်ဆောင်ပြီး ရေလိုက်လွဲနေမယ် ဆိုရင်တော့ ရေသာများ၍ ငါးမတွေ့တဲ့ အဖြစ်မျိုးနဲ့ကြုံရမှာပါ။ **အခု အချိန်အထိ ၉၀ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးတို့၊ သုံးပွင့်ဆိုင်ဆွေးနွေးရေးတို့၊ စင်ပြိုင်အစိုးရဖွဲ့စည်းရေးတို့ လုပ်နေလို့ ကတော့ ဘယ်သူ့အတွက်မှ အကျိုးမရှိနိုင်တော့ပါဘူး။ အဆင်မသင့် ရင် အားလုံးအတွက် အန္တရာယ်ကြီးကြီးမားမား ဖြစ်သွားနိုင်ပါသေး တယ်။** တစ်သက်လုံးအပြောနဲ့ပဲ လုပ်စားလာခဲ့တဲ့ အပြောသမားတွေ မို့လို့ တစ်ခုတော့ သတိပေးပါရစေ။ စကားဆိုတာ တတ်တိုင်းလည်း ပြောလို့ကောင်း တာမဟုတ်ပါဘူး။ "စကားစကားပြောဖန်များ၊ စကား ထဲကဇာတိပြ"တို့၊ "အပြောမတတ်တော့ ဆဲသလိုဖြစ်"တို့၊ "အသံ ကြောင့်ဖားသေ"တို့ဆိုတဲ့ ဆိုရိုးစကားတွေ ရှိနေပါသေးတယ်။ ဒါကို အထူးသတိမူစေချင်ပါတယ်။

NLD က ခုထက်ထိ တခုတ်တရပြောပြောနေတဲ့ ၉၀ရွေးကောက် ပွဲရလဒ်ဆိုတာနဲ့ပတ်သက်လို့လည်း အခွင့်သင့်တုန်း ဆွေးနွေးချင်ပါ သေးတယ်။ ၉၀ပြည့်နှစ် ရွေးကောက်ပွဲမတိုင်မီ ပါတီတွေ ထူထောင်ခွင့် ပြုခဲ့တုန်းက ကျွန်တော်တို့နိုင်ငံမှာ ဖွဲ့လိုက်ကြတဲ့ ပါတီဆိုတာ မြင်မကောင်းပါပဲ။ ပါတီပေါင်း ၂၃၅ ပါတီဆိုတဲ့ ကိန်းဂဏန်းက ကျွန်တော်တို့တစ်တွေ ပါတီနိုင်ငံရေးနဲ့ပတ်သက်ပြီး မရင့်ကျက်သေးဘူး၊ အတွေ့အကြုံလည်း မရှိသေးဘူးဆိုတာ ထင်ရှားစေပါတယ်။ ဒီအကျယ် အဝန်း၊ ဒီလူဦးရေနဲ့ နိုင်ငံလေးမှာ ပါတီတွေ ဒီလောက်အထိများနေရင် တော့ ဒီပါတီတွေက ဖော်ဆောင်မယ့် ဒီမိုကရေစီဆိုတာ အကျိုးထက် အပြစ်က ပိုလိမ့်မယ်ဆိုတာ အဲဒီတုန်းက ဘယ်သိခဲ့ပါဦးမလဲ။

အဲဒီပါတီများစွာထဲက ၉၃ ပါတီသာ ရွေးကောက်ပွဲဝင်ခဲ့ကြတာ ဖြစ်ပါတယ်။ ၉၃ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲမှာ NLD က အများစု အရွေးခံရတယ်ဆိုပေမယ့် ပြည်သူလူထုကို ကိုယ်စားပြုနိုင်လောက်တဲ့ပမာဏတော့ မရခဲ့ပါဘူး။ အဲဒီအချိန်တုန်းက မြန်မာနိုင်ငံရဲ့ လူဦးရေဟာ ၄၂သန်းဖြစ်ပြီး ဆန္ဒမဲပေးခွင့်ရှိသူ သန်း၂၀ကျော်သာရှိခဲ့ပါတယ်။ ဆန္ဒမဲပေးခွင့်ရှိသူ သန်း၂၀ကျော်မှာ NLD က ခုနစ်သန်းကျော်သာမဲရခဲ့တာဖြစ်တဲ့အတွက် ဆန္ဒမဲပေးသူအားလုံးရဲ့သုံးပုံတစ်ပုံကပဲ ထောက်ခံခဲ့တာလို့ ဆိုနိုင်ပါ တယ်။ အလားတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) က ထောက်ခံမဲ သုံးသန်းနီးပါး ရခဲ့တဲ့အတွက် သူကလည်း ငါးပုံတစ်ပုံ ထောက်ခံမှုရတယ်လို့ဆိုနိုင်ပါ တယ်။ အခြားပါတီများနဲ့ တစ်သီးပုဂ္ဂလ ကလည်း ဆန္ဒမဲကို မျှပြီး ရကြတာဖြစ်တဲ့အတွက် ပွင့်ပွင့်လင်းလင်း ပြောရရင် NLD အပါအဝင် ဘယ်ပါတီမှပြည်သူရဲ့ထောက်ခံမှုကို အပြည့်အဝ၊ဒါမှမဟုတ် ၅၀ ရာခိုင်နှုန်းအထက် မရခဲ့ကြပါဘူး။NLD ဟာ လူ ၂၀မှာ ခုနစ်ယောက်ရဲ့ ထောက်ခံမှုသာရတဲ့ပါတီဖြစ်ပြီး လူ၂၀ရဲ့တစ်ဝက်ကိုတောင် ကိုယ်စားမပြုနိုင်ခဲ့တာ အထင်အရှားပါ။ တစ်နည်းအားဖြင့် ပြည်သူလူထုရဲ့ Mandate ကို ဘယ်ပါတီမှ မရခဲ့ကြဘူးလို့ဆိုရမှာပါ။ဒါကိုပဲ NLD က အဲဒီရွေးကောက်ပွဲရလဒ် အရ ပြည်သူရဲ့ Mandate ကို ရထားတဲ့ပါတီအဖြစ် ကိုယ့်ဘာသာ ကိုယ် တံဆိပ်တပ်ပြီး သူခိုးရှေ့ရ တပြုပြုလုပ်နေတာကတော့ မျက်နှာ ပြောင်လွန်းရာများ ကျနေမလား မဆိုနိုင်ပါဘူး။

NLD နဲ့တစည ဟာ လူထုထောက်ခံမှုအရ ခေါက်ချိုးနီးပါး ရှိခဲ့ ပေမယ့် ကိုယ်စားလှယ်အရေအတွက်မှာတော့ မယှဉ်သာလောက် အောင် ကွာခြားသွားခဲ့တာကိုလည်း တွေ့ရပါတယ်။ ပြည်သူ့ဆန္ဒ သဘောထားကို ယှဉ်ကြည့်ရင် သိပ်မကွာလှသော်လည်း အဲဒီအချိန် တုန်းက ရွေးချယ်တင်မြှောက်မှုစနစ်အရ ကိုယ်စားလှယ်နေရာ ပိုရသွား တာပဲဖြစ်ပါတယ်။

ဒါကိုပဲ NLD က ငါမှငါဆိုတဲ့မာနမိုးထိုးပြီး အယူလွဲခဲ့ပါတယ်။ ပြည်သူ့ထောက်ခံမှုရပါတီအဖြစ် သွေးနားထင်ရောက်ပြီး "အမိန့် အာဏာဟူသမျှ၊ တာဝန်အရဖီဆန်ကြ" ဆိုတဲ့ ဆန့်ကျင်ရေးကြွေး ကြော်သံတွေ၊ "အာဇာနည်မျိုး သေရိုးမရှိ"ဆိုတဲ့ ဆူပူအုံကြွမှုကို အားပေးတဲ့ဆောင်ပုဒ်တွေ၊"အစိုးရအနေနဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းရေးနဲ့ အလုံးစုံပျက်သုဉ်းရေး လမ်းနှစ်သွယ်အနက် တစ်ခုခုကို ရွေးချယ်ရ မယ်"ဆိုတဲ့ရဲရဲတောက်ရာဇသံတွေ၊"မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသွား တွေ မလာကြပါနဲ့" "မြန်မာပြည်ကိုစီးပွားရေး ပိတ်ဆို့မှုတွေ လုပ်ပေးပါ" ဆိုတဲ့ ကိုယ်အာဏာရဖို့အတွက် နိုင်ငံနဲ့လူမျိုးကို ချနင်းချင်တဲ့ အငြိုးတကြီး စကားတွေ တွင်တွင်သုံးပြီး ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ အလုံးစုံပိတ်ဆို့ရေးဆိုတဲ့လမ်းကြောင်းကို ရွေးပြီး လျှောက်လာခဲ့တာ ဆယ်စုနှစ်နှစ်ခုနီးပါးရှိခဲ့ပါပြီ။ ဒီလမ်းကြောင်းဟာ မှန်သလား၊ မှားသလားဆိုတာ မေးနေဖို့တောင်မလိုတော့ပါဘူး၊ ဒီနေ့ NLD နဲ့နောက်လိုက်တွေ ဘာဖြစ်နေပြီလဲ၊ နိုင်ငံနဲ့ ပြည်သူအကျိုး အတွက် ဘာတွေသယ်ပိုးဆောင်ကြဉ်းပေးနိုင်ခဲ့ပြီလဲ၊ ဒီနေ့ပြည်သူက ပါတီအပေါ် ဘယ်လိုမြင်နေ၊ သဘောထားနေပြီလဲဆိုတာတွေက ကာယကံရှင်မပြောနဲ့ ဘေးလူကတောင် ကောင်းကောင်း နားလည် သဘောပေါက်နေပါပြီ။ **(ဆက်လက်ဖော်ပြပါမည်)**

လေမုန်တိုင်းဒဏ်ခံရသော ဘုန်းတော်ကြီးကျောင်းများအတွက် လိုအပ် သည့်ပစ္စည်းလေးပါးနှင့် အထွေထွေလုပ်ငန်း၊ သာသနာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူရှင် ဦးတိုနီ၊ ဒေါ်ခင်မာလာဝင်းမိသားစု ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ် နာနတ်တောလမ်းမှ အလှူငွေကျပ် ငါးသိန်းကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရ အောင်ကိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လေဘေးသင့် ဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်ရန်အတွက် လှူဒါန်း

ရန်ကုန် ဇွန် ၁၉

မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ ဗမ္မာအေးကျောင်းတိုက်အတွင်းရှိ လေဘေးဒဏ်ကြောင့် ပျက်စီးသွားသော သဒ္ဓမ္မဝါစီ ဟသ်ာတပရိယတ္တိ စာသင် တိုက်ကြီး အမိုးအကာများ ပြန်လည်ပြုပြင်ရန်နှင့် ပျက်စီးယိုယွင်းနေသော သုံးထပ်ကျောင်းဆောင်သစ်ကြီး ပြန်လည်ဆောက်လုပ်ရန်အတွက်(ဈ)ရပ်ကွက်၊ မင်းရန်အောင် (၁)လမ်းနေ ကွယ်လွန်သူမိခင်ကြီး ဒေါ်ကျင်ဆိုင်အားရည်စူး၍ ဖခင်ကြီး ဦးစံယားနှင့်သား ဦးဝင်းမြင့်-ဒေါ်အေးအေး၊ (ဝင်းမြင့်အထည်ချုပ် လုပ်ငန်း) မိသားစုတို့က အလှူငွေကျပ် ၁၀သိန်းကို ပဓာနနာယက ဆရာ တော် ဘဒ္ဒန္တပညာသီရိထံ ဇွန် ၁၅ရက်က လှူဒါန်းရာ သာသနာနုဂ္ဂဟသဟ ပူညကာရီအဖွဲ့ဥက္ကဌ ဦးစိုးသိမ်းနှင့် အတွင်းရေးမှူး ဦးခင်ဇော်တို့က လက်ခံ ရယူကြသည်။ **(အပေါ်ယာပုံ)**

လေဘေးဒဏ်သင့်အဆိုပါ စာသင်တိုက်ကြီးအတွက် လှူဒါန်းလိုပါက ဖုန်း- ၆၉၉၂၃၁၊ ၆၉၉၄၃၀နှင့် ၆၉၀၅၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၇)

မြောက်ဥက္ကလာပဆေးရုံကြီး သံဃာ့ဆေးကုသဆောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဝေယျာဝစ္စအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၁၉

မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုနှင့် သင်ကြားရေး ဆေးရုံကြီး သံဃာ့ဆေးကုသဆောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ဝေယျာ ဝစ္စအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်း အဝေးကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီတွင် ဆေးရုံကြီး ပြင်ပလူနာ ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ ဆေးရုံအုပ်ကြီး ဒေါက်တာချစ်ကိုတင်က အမှာစကား ပြောကြားသည်။

ယင်းနောက် သံဃာ့ဆေးကုသ ဆောင် မတည်အလှူရှင် အဖွဲ့ နာယက ဦးလေးခ၊ အဖွဲ့ဒုတိယ ဥက္ကဌ(၂) ဦးမြင့်(ကျိုက်လတ်မိုးမြင့်) နှင့် အဖွဲ့အတွင်းရေးမှူး ဦးချိုအေး (ACA)တို့က ထိန်းသိမ်းစောင့်ရှောက် ရေးနှင့်ဝေယျာဝစ္စလုပ်ငန်းဆောင်ရွက် ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဦးအေးမောင်- ဒေါ်ကြွေမိသားစု ကွန္တာ(၂)လမ်းက ငွေကျပ်တစ်သိန်း**(အပေါ်ပုံ)**ဦးလေးခ မိသားစု သုဓမ္မာလမ်းက အလှူငွေ ကျပ်တစ်သိန်း၊(ခ)ရပ်ကွက် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ငွေကျပ်တစ်သိန်း၊ ပါမောက္ခ ဒေါက်တာဒေါ်အေးအေး သန်း (ပါမောက္ခ/ ဌာနမှူး၊ ရောဂါ ဗေဒဌာန)က ငွေကျပ်တစ်သိန်း လှူဒါန်းကြသည်။ (က-ပ)

သိမ်တော်မြတ်တည်ဆောက်ရေး ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိအရှင်မြတ် (သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ပြည်တွင်း ပြည်ပ မဟာစည်နာယက) သီတင်းသုံးတော်မူသော ဓမ္မ ရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာကျောင်းတိုက် အတွင်း၌ ဖြူးမဟာစည်သာသနဝုပိုကာရီ သိမ်တော်မြတ် ကြီးကို တည်ဆောက်လျက်ရှိရာ ကုသိုလ်ပါဝင်လိုသူများ အနေဖြင့် ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၀၁၈၄၆(လိုင်းခွဲ- ၁၈၁)၊ ၀၉၅၀-၁၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ (က-ပ)

ယူရို ၂၀၀၇ အုပ်စုပွဲများ ပြီးဆုံး

ဟော်လန်အသင်းအထူးခြေစွမ်းပြပြီး ရေပန်းစားလာ အိမ်ရှင်ဩစတြီးယား၊ ဆွစ်ဇာလန်နှင့် ပြင်သစ်အုပ်စုမှထွက်

ဩစတြီးယားနှင့် ဆွစ်ဇာလန် နှစ်နိုင်ငံပူးတွဲကျင်းပလျက်ရှိသည့် ယူရို ၂၀၀၈ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယနေ့ပြီးဆုံးသွားခဲ့သည်။ အုပ်စုပွဲများတွင် အုပ်စု(က)၌ ပေါ်တူဂီသည် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ တူရကီသည်လည်း နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက် နိုင်ခဲ့သည်။ အိမ်ရှင်ဆွစ်ဇာလန်နှင့်ချက်တို့မှာ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ် သုံးမှတ်စီသာရရှိပြီး အုပ်စုမှထွက်ခဲ့ရသည်။ အုပ်(ခ)တွင် ခရိုအေးရှား အသင်းမှာ သုံးပွဲစလုံးအနိုင်ရရှိပြီး ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမ၊ ဂျာမနီ က နှစ်ပွဲနိုင် တစ်ပွဲရှုံး ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ကွာတားသို့တက်သွားသည်။ အိမ်ရှင်ဩစတြီးယားနှင့် ပိုလန်တို့သည် တစ်ပွဲ သရေ၊ နှစ်ပွဲရှုံးဖြင့် အုပ်စုမှထွက်သွားခဲ့ရသည်။ အုပ်စု(ဂ)၌ ဟော်လန်သည် အကောင်းဆုံးခြေစွမ်းပြပြီး သုံးပွဲစလုံးအနိုင်ရရှိကာ ရမှတ်ကိုးမှတ်ဖြင့်အုပ်စု ပထမ၊ အီတလီမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ကွာတားတက်နိုင်ခဲ့သည်။ ရိုမေးနီးယားမှာ နှစ်ပွဲသရေ တစ်ပွဲရှုံး ရမှတ်နှစ်မှတ်နှင့် ပြင်သစ်မှာ တစ်ပွဲသရေ နှစ်ပွဲရှုံးဖြင့် ရမှတ် တစ်မှတ်သာရရှိပြီး အုပ်စုမှထွက်ခဲ့ရသည်။ အုပ်စု(ဃ)တွင် စပိန်သည် သုံးပွဲစလုံးအနိုင်ရရှိပြီး ရမှတ်ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ ရုရှားမှာ နှစ်ပွဲနိုင် တစ်ပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရကာ ကွာတားသို့ တက်သွားသည်။ လက်ရှိချန်ပီယံဂရိမှာ နိုင်ပွဲမရှိဘဲ ဆွီဒင်မှာလည်း တစ်ပွဲ နိုင်၊ နှစ်ပွဲရှုံးဖြင့် အုပ်စုမှ ထွက်ခဲ့ရသည်။

ယခုယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စုပွဲစဉ်များတွင် ဟော်လန်သည် ရှေ့၊ လယ်၊ နောက် အကောင်းဆုံး ညီညွတ်မှုတစ္စာ ကစားနိုင်ပြီး အထူးခြေစွမ်း ပြသနိုင်ခဲ့ခြင်းကြောင့် အုပ်စုပွဲများအပြီး၌ ဂျာမနီ၊စပိန်နှင့်ပေါ်တူဂီတို့ကို ကျော်၍ ချန်ပီယံဖြစ်ရန် ရေပန်းအစားဆုံးအသင်းဖြစ်လာခဲ့သည်။ ထို့အတူ ပေါ်တူဂီ၊ ခရိုအေးရှားနှင့် စပိန်တို့မှာ ဟော်လန်နှင့်အတူ ကွာတားအဆင့်ကို ကျော်၍ ဆီမီးဖိုင်နယ်သို့တက်ရောက်ရန် ရေပန်းစားလျက်ရှိသည်။

ကွာတားဖိုင်နယ်

ယူရို ၂၀၀၈ ၏ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ပေါ်တူဂီနှင့် ဂျာမနီတို့မှာ ယနေ့ယှဉ်ပြိုင်ကစားခဲ့ပြီး ခရိုအေးရှားနှင့် တူရကီ၊ ဟော်လန် နှင့် ရုရှား၊ စပိန်နှင့် အီတလီတို့မှာ ဇွန် ၂၁၊ ၂၂ရက်နှင့် ၂၃ရက်တို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဝင်းတင်(ကြေးမုံ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ ဧရာဝတီတိုင်းအတွင်း ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၁၉

ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များပါဝင်သော အဖွဲ့(၁)သည် လပွတ္တာမြို့နယ် လှိုင်းဘုန်းကျေးရွာ၌ အခြေပြု၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များပါဝင်သော အဖွဲ့(၂)သည် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ပြင်စလူမြို့တွင် အခြေပြု၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ယင်းအဖွဲ့သည် ဇွန် ၁၃ ရက်မှစ၍ ပြင်စလူမြို့ လေဘေးကယ်ဆယ်ရေးစခန်းတွင် ငါးလုံးတွဲ အိမ်သာနှစ်လုံး ဆောက်လုပ်ခြင်း၊ သောက်ရေကန်အသစ် တည်ဆောက်ခြင်း၊ ပြင်စလူမြို့ ရပ်ကွက်များအတွင်း ပြိုလဲကျနေသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

ထို့အတူ ကချင်ပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များ ပါဝင်သော အဖွဲ့(၃)သည် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာ၌ အခြေပြု၍ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ယင်းအဖွဲ့သည် ဇွန် ၁၅ ရက်မှစ၍ ဆင်ခြေရာကျေးရွာ၊ သပြေကုန်းကျေးရွာအုပ်စု ကင်းကန်ရွာနှင့် ဒါနချောင်းကျေးရွာတို့ရှိ ရေကန်များကို ရေချိုရရှိရေးအတွက် တူးဖော်ဆယ်ယူခြင်း၊ အဆိုပါကျေးရွာများအတွင်းနှင့် ပတ်ဝန်းကျင်၌ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ပြိုလဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအဖွဲ့နှင့်အတူ လိုက်ပါသွားသော ဆေးအကာအကွယ်ပေးရေး အဖွဲ့သည် ထိခိုက် ပွန်းပဲ့ပြတ်ရှဒဏ်ရာရရှိ လူနာများ၊ နှာစေးချောင်းဆိုး လူနာများ၊ သာမန်ဝမ်းလျှောဝမ်းကိုက်လူနာ၊ တုပ်ကွေးဖျားနာလူနာ၊ အစာအိမ်ရောဂါလူနာနှင့် (၅)နှစ်အောက်ကလေး အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါလူနာများအား နေ့စဉ် ဆေးကုသပေးလျက်ရှိကြောင်း သိရှိရသည်။

အလားတူ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပဲခူးတိုင်း (အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များပါဝင်သော အဖွဲ့(၄)သည် ဧရာဝတီတိုင်း လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ၌ အခြေပြု၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ယင်းအဖွဲ့သည် ဇွန် ၁၃ ရက်မှစ၍ စလူဆိပ်ကျေးရွာ သောက်သုံးရေကန်ရှိ ရေဆင်းတံတား တည်ဆောက်ခြင်း၊ သောက်သုံးရေကန် ပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်များနှင့် ပြိုလဲကျနေသည့် သစ်ပင်များ ရှင်းလင်းခြင်း၊ ကျေးရွာအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ကျေးရွာအလယ်တန်းကျောင်းရှိ စာသင်ခုံများအား ပြန်လည်ပြုပြင်ခြင်း၊ ခြင်ဆေး ဖျန်းခြင်း၊ ထုံးဖြူးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ယင်းအဖွဲ့တွင် ပါရှိသည့် ဆေးအကာအကွယ်ပေးရေး အဖွဲ့သည် ကျေးရွာအတွင်း လှည့်လည်၍ ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့အပြင် တနင်္သာရီတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များပါဝင်သော အဖွဲ့(၅)သည် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကြိမ်ချောင်းကျေးရွာ၌ အခြေပြု၍ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ယင်းအဖွဲ့သည် ဇွန် ၁၂ရက်မှစ၍ ကြိမ်ချောင်းကျေးရွာ ရွာလယ်လမ်းမ အုတ်စီခြင်းနှင့် ကျေးရွာအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ လေဘေးသင့် ပြည်သူများအတွက် ရဟတ်ယာဉ်များဖြင့် ရောက်ရှိလာသော ထောက်ပံ့ရေးပစ္စည်းများအား သယ်ယူပို့ဆောင်ပေးခြင်း၊ နေအိမ်များ အမိုးအကာ ပြန်လည် ပြုပြင်တည်ဆောက်ပေးခြင်း၊ ကျေးရွာအတွင်း ပြိုလဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များ ပါဝင်သော အဖွဲ့ (၆)သည် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌ အခြေပြု၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ယင်းအဖွဲ့သည် ဇွန် ၁၄ ရက်မှစ၍ စက်ဆန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ရေကန်အား ဆယ်ယူခြင်း၊ ကျေးရွာလမ်းများပေါ်ရှိ ပြိုလဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျေးရွာအထက်တန်းကျောင်းရှိ ပြိုလဲပျက်စီးသွားသော ကျောင်းဆောင်အား ရှင်းလင်းခြင်း၊ ဆေးဖျန်းခြင်းတို့ကို ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များ ပါဝင်သော အဖွဲ့(၂) လပွတ္တာမြို့နယ် ပြင်စလူမြို့၌ ပြိုလဲကျနေသော သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ဖယ်ရှားရှင်းလင်းစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များပါဝင်သော အဖွဲ့(၃) လပွတ္တာမြို့နယ် ဆင်ခြေရာကျေးရွာ၌ သောက်သုံးရေကန်များအား ဆယ်ယူကြစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်များ ပါဝင်သော အဖွဲ့(၅) ဘိုကလေးမြို့နယ် ကြိမ်ချောင်းကျေးရွာ၌ နေအိမ်များအား ပြန်လည်ပြုပြင် တည်ဆောက်ပေးစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပဲခူးတိုင်း (အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် လူငယ်များပါဝင်သော အဖွဲ့(၄) လပွတ္တာမြို့နယ် စလူဆိပ်ကျေးရွာ၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကြိုဂံဒေသတိုင်းစစ်ဌာနချုပ် ဝမ်မိုင်ကုန်းမြင့်လယ်ယာဘက်စုံစိုက်ခင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်မှူးကြီးအေးလင်းက စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူစေ ၁၀၀ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဖြစ်ထွန်းအောင်မြင်သည့် ခြံစည်းရိုးကြက်ဆူပင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်၏ ဥပ္ပါတသန္တိပါဠိတော်**
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၅	၃။	သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၄။	အကပြိုင်ပွဲ
၈း၁၅	၅။	တေးဂီတအစီအစဉ်
၈း၃၀	၆။	International News.
၈း၄၀	၇။	**"သတိတစ်ချက် တစ်သက်အမှား" (ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**
၉း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀	၃။	အဆိုပြိုင်ပွဲ
၄း၃၀	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၄၅	၅။	နေ့ခင်းခေတ်တေးပဒေသာ
၅း၀၅	၆။	**"တောမြိုင်စွန်းမှ လွမ်းမျက်ရည်" (ရဲအောင်၊လူမုန်း၊ သူထူးစံ၊ မေသဉ္ဇာဦး၊ထူးသာ၊ ကမ္ဘာရှား၊ဂွမ်းပုံကြီး) (ဒါရိုက်တာ-အကယ်ဒမီ ပန်းချီစိုးမိုး)**
၅း၂၅	၇။	တေးဂီတအစီအစဉ်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	သုတစုံလင်ရွှေညဏ်ရှင်
၇း၁၀	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ" (အပိုင်း-၆)**
၈း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၄)**
	၁၆။	အစီအစဉ်ပြီး၏။

ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ မုန်တိုင်းသင့်ပြည်သူများအတွက် Indonesia-China Economic Social & Cultural Cooperation (AICESCC) က အမေရိကန်ဒေါ်လာ တစ်သောင်းကို ပေးအပ်လှူဒါန်းစဉ်။

(ဘဏ္ဍာ/အခွန်)

မုန်တိုင်းသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၁၉

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက် လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေ လက်ခံရာဌာနသို့ ယနေ့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လက်ခံသည်။

အလှူရှင်များမှာ ရန်ကုန်တက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများက ငွေကျပ်၁၀သိန်း၊ ဦးညွန့်လှိုင်နှင့် ဒေါ်နီနီ၊ သားသမီးများနှင့် မြေး မောင်ကျော်ဝေယံလင်း မိသားစု(စမ်းချောင်းမြို့နယ်)က ငွေကျပ်တစ်သိန်း၊ မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက် ရပ်ကွက်သူ၊ ရပ်ကွက်သားများက ငွေကျပ် တစ်သိန်း၊ ဆရာမ ဒေါ်ခင်စန်းမြင့်(ငြိမ်း)၊ သမီး မစုစုမြတ်(ရွှေဂုံတိုင်)က ငွေကျပ် ၁၅၀၀၀၊ချင်းပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူ အလှူရှင်များက ငွေကျပ် ၄၃၀၄၂၀၀၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၉၅၂၁၉၃၃၀၊ မြန်မာဝင်းစတား ကုမ္ပဏီလီမိတက်က ငွေကျပ် သုံးသိန်း၊ မြသီတာစိုး ကုမ္ပဏီလီမိတက်က ငွေကျပ် တစ်သိန်း၊ Indonesia-China Economic Social & Cultural Cooperation (AICESCC) က အမေရိကန်ဒေါ်လာ တစ်သောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)ရုံး မိသားစုက အမေရိကန်ဒေါ်လာ ၅၅၀၊ Tourist Police Division မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံး ဗန်ကောက်မြို့က ယူရိုငွေ ၉၁၇ ဒသမ ၆၁၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံး ဗန်ကောက်မြို့မှ တစ်ဆင့် Lt.Gen Chamarong Rodzan (ငြိမ်း)-Mrs. Waraipa (ဗန်ကောက်မြို့)က ယူရိုငွေ ၄၁၂ဒသမ ၅၆၊ Mrs. Nawrat Chairat-Mrs. Wasana Monoonpol တို့က ယူရိုငွေ ၅၅ ဒသမ ၈၄ နှင့် Mr. Phutaka Chaishowarat ကယူရိုငွေ ၉၇၆ ဒသမ ၁၈၊ STS Group Company Ltd. က ယူရိုငွေ ၂၈၀၂ ဒသမ ၈၁ တို့ ဖြစ်သည်။

ယနေ့ လက်ခံရရှိသည့် အလှူငွေ စုစုပေါင်းမှာ ငွေကျပ်၁၀၁၁၃၈၅၃၀၊ အမေရိကန်ဒေါ်လာ(၁၀၅၅၀) နှင့် ယူရိုငွေ(၅၁၆၅ဒသမ၀၀)တို့ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ငပုတောမြို့နယ်ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်ပေး ပုသိမ်ခရိုင် တိုင်းရင်းဆေးအဖွဲ့ သွားရောက်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၉

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ညွှန်ကြားမှု၊ တိုင်းဦးစီးဌာနမှူး ဦးသိန်းဝင်း၏ ကြီးကြပ်မှုဖြင့် ပုသိမ်ခရိုင် တိုင်းရင်းဆေးမှူး ဒေါ်ကြည်ကြည်မြင့် ဦးဆောင်သော ဆရာမ လေးဦးပါဝင်သည့် တိုင်းရင်းဆေးကုသရေးအဖွဲ့သည် ဇွန် ၇ ရက်မှ ၁၅ ရက်အထိ ငပုတောမြို့နယ် သဃ်န်းကုန်းကျေးရွာအုပ်စု၊ ဇီးဖြူဆိပ်ကျေးရွာအုပ်စု၊ ကညင်အုပ်စု၊ အထက်ပြွန်ဝကျေးရွာ၊ တောင်ကလေးကျေးရွာနှင့် အောက်ပြွန်ဝကျေးရွာများသို့ သွားရောက်၍ လူနာ ၃၃၆၅ ဦးအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

လှူဒါန်းပေးခဲ့

ယင်းအဖွဲ့သည် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ထုတ်ထားသောဆေးများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ မန္တလေးတိုင်းရင်းဆေးရုံနှင့် ယူနီစံမိသားစုမှ လှူဒါန်းသော ဆေးခန်းသုံးဆေးများ၊ အဝေရာဆေးတိုက်မှ ဆေးမျိုးစုံနှင့် ပွင့်လင်းဒဏ်ကြေလိမ်းဆေး၊ ရှမ်းရိုးမ၊ ထွန်းရွှေဝါ၊ ထက်လင်း၊ ရွှေသမင်ဆေးတိုက်မှ ဆေးမျိုးစုံ၊ မောရိယမန်းဆေး၊ မှန်ချိုဆေးများ၊ ဦးသာရင်လေငန်းဆေး၊ ဖြူစင်မေတ္တာ၊ ဂဠုန်ရာဇာ၊ ဝိဇ္ဇာမျက်လုံး၊ မြွေနှစ်ကောင်ယားနာဆေး၊ ဦးမြင့်ဦးလေနိုင်ဆေး၊ ရာဇာအစာကြေဆေး စသည့်ဆေးများကို လှူဒါန်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သြစတြေးလျလူမျိုး ခုနစ်သိန်းခန့် ဆီးချိုရောဂါ ခံစားနေရ ဆယ်စုနှစ်အတွင်း ဝေဒနာရှင် သုံးပုံတစ်ပုံခန့် သေဆုံးမည်ဟုဆို

ကင်ဘာရာ ဇွန် ၁၉

သြစတြေးလျနိုင်ငံတွင် ဆီးချိုရောဂါခံစားနေရသော ဝေဒနာရှင် သုံးပုံတစ်ပုံနီးပါးသည် နောက်ဆယ်စုနှစ်အတွင်း ၎င်းရောဂါကြောင့်သေဆုံးကြလိမ့်မည်ဟု အသစ်ကောက်ယူသော သုတေသနပညာရှင်များ၏စာတမ်းတွင် ကြိုတင်ဟောကိန်းထုတ်လိုက်ကြောင်း သြစတြေးလျအေပီသတင်းဌာနကဖော်ပြသည်။

သြစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ အင်္ဂါနေ့က ကျင်းပသော နိုင်ငံတကာ ဆီးချိုညီလာခံတွင် သြစတြေးလျနိုင်ငံက တင်ပြသော ကိန်းဂဏန်းအရေအတွက်သည် ဆီးချိုရောဂါနှစ်မျိုးအရ ရောဂါဖြစ်ပွားနေသူတို့ကို ပထမဆုံးအကြိမ် ကြိုတင်တွက်ချက်ပြခြင်းဖြစ်သည်။

တစ်နိုင်ငံလုံးမှ ဆီးချိုရောဂါရှင်များထံမှ နမူနာများ ရွေးထုတ်စိစစ်ပြီးနောက် ၁၃ ရာခိုင်နှုန်းသည် နောက်ငါးနှစ်အတွင်း သေဆုံးပြီး ၃၁ ရာခိုင်နှုန်းသည် ၁၀နှစ်အတွင်း သေဆုံးမည်ဟု ဆိုသည်။

၂၀၁၈ ခုနှစ်ခန့်တွင် ငါးဦးလျှင် တစ်ဦးသည် နှလုံးဖောက်ပြန်မှုဖြစ်လိမ့်မည်။ ၁၂ဦးလျှင် တစ်ဦးသည် မေ့မြောနေသည့်ရောဂါခံစားရလိမ့်မည်။ (သို့မဟုတ်)ခြေလက်ဖြတ်ရခြင်း၊ မျက်စိကွယ်ခြင်းနှင့် ကျောက်ကပ်နှင့်ဆိုင်သောရောဂါများ ခံစားရလိမ့်မည်ဟု တင်ပြသည်။

သြစတြေးလျလူမျိုး ၇၀၀၀၀၀ ခန့်သည် ဆီးချိုရောဂါခံစားနေရသည်။ ၎င်းတို့အနက်မှ ၈၅ရာခိုင်နှုန်းကို အကဲဖြတ်ကြည့်ရှုခြင်းဖြင့် အဆီအဆိမ့်စားသုံးမှုများလွန်းသော၊ ကာယလေ့ကျင့်ခန်း နည်းပါး၍ အလေးချိန်တိုးလာသော ဘဝနေထိုင်မှုပုံစံများအရ နှစ်မျိုးနှစ်စား တွေ့ရသည်ဟုပြောသည်။

ကျွမ်းကျင်သူများက ဆီးချိုရောဂါပြဿနာသည် ကြောက်မက်ဖွယ်ရာအနေအထားသို့ ရောက်လာနေပြီဖြစ်ကြောင်း သတိပေးလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များ ပါဝင်သော အဖွဲ့(၆) ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၌ သန့်ရှင်းရေး ဆောင်ရွက်နေစဉ်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၀၈

International Day Against Drug Abuse and Illicit Trafficking

26-6-2008

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၁၉

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံအခြေစိုက်ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၄၆ ဒသမ ၀၅ တန်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင်ကျေးရွာရှိ လေဘေးသင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်စဉ်။ (စွမ်းအင်)

ဘိုကလေးမြို့နယ်၌ ဆေးရုံသင်္ဘောများ၊ စက်လှေများဖြင့် လေဘေးသင့်ဒေသများသို့ သွားရောက်ကုသ

ရန်ကုန် ဇွန် ၁၉

လေဘေးသင့်ဒေသများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု မြင့်မားစွာ လွှမ်းခြုံပေးနိုင်ရေးအတွက် နယ်လှည့်ဆေးကုသရေးအဖွဲ့ဝင်များသည် ဆေးရုံသင်္ဘောများဖြင့်သာမက စက်လှေများဖြင့်လည်း ကျန်းမာရေးလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးဦးစီးဌာနနှင့် ဘိုကလေးမြို့နယ်မှ ကျန်းမာရေးဝန်ထမ်းများ ပါဝင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့ ပါဝင်သည့် စက်လှေသည် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ဘိုကလေးမြို့နယ် သဇင်ငူကျေးရွာ၌ လေဘေးသင့်လူနာများအား ကျန်းမာရေး စစ်ဆေးကုသပေးပြီး တီဘီ၊ အနာကြီး စသည့် နာတာရှည်ရောဂါသည်များကို ဆက်သွယ်ရှာဖွေ ဆေးဝါးကုသစောင့်ရှောက်မှုပေးခြင်းတို့ကိုလည်းကောင်း၊ ဒေသခံပြည်သူများအား တီဘီရောဂါ၊ ဝမ်းလျှောဝမ်းပျက်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများနှင့် ပတ်သက်၍ ကျန်းမာရေး ပညာပေးခြင်းတို့ကိုလည်းကောင်း၊ ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေးအတွက် သောက်သုံးရေများကို ကလိုရင်းဖျော်စပ်ပြီး ဆေးခတ်ပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါမဖြစ်စေရေးအတွက်ပိုးလောက်လန်း နှိမ်နင်းခြင်းတို့ကိုလည်းကောင်း၊ မီးဖွားပြီး မိခင်များနှင့် မွေးကင်းစကလေးငယ်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ဗီတာမင်အေဆေးများတိုက်ကျွေးခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့တွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်၊ တီဘီရောဂါ တိုက်ဖျက်ရေးစီမံချက် မန်နေဂျာ ဒေါက်တာ ဝင်းမောင်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူများပါ လိုက်ပါအားပေးကုသမှု ပေးခဲ့ကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Dr. Hans Kluge ကလည်း ဘိုကလေးမြို့နယ် ကျန်းမာရေးဝန်ထမ်းများအတွက် တီရှပ်များကို လှူဒါန်းခဲ့သည်။ နယ်လှည့်ကျန်းမာရေးအဖွဲ့များသည် စက်လှေများဖြင့် စက်ဆန်းနယ်မြေ (၁)၊ နယ်မြေ (၃)၊ တိုးလှကျေးရွာ၊ ပက်ပြဲရွာ၊ ပျဉ်ဘိုးလေးရွာ၊ နတ်ချောင်းရွာနှင့် လိပ်ကမ္ဘာရွာများသို့လည်း သွားရောက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်မှ လေဘေးသင့်ပြည်သူများအား ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

ရန်ကုန် ဇွန် ၁၉

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီး သန်းနိုင်ဦး၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်း၊ အလှူရှင်များဖြစ်ကြသော Asia World နှင့် IGE ကုမ္ပဏီများမှ တာဝန်ရှိသူများ လိုက်ပါလျက် စက်လှေများဖြင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် ရေတိမ်ကျေးရွာသို့ သွားရောက်၍ ရွာဦးဘုန်းကြီးကျောင်း ဆရာတော်အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး ဝန်ကြီးသည် လေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ငါးပိနှင့်ပဲစသည့် စား သောက်ကုန်ပစ္စည်းများ၊ ခြင်ထောင်၊ ဖယောင်းတိုင် စသည့် လူသုံးကုန်ပစ္စည်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများကို လက်ရောက်ပေးအပ်ကာ အားပေးစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အလှူရှင်များအဖွဲ့သည် ညနေပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် သရက်သုံးပင် ကျေးရွာသို့ စက်လှေများဖြင့် သွားရောက်၍ လေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံကာ ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားပြီး စားသောက်ကုန်နှင့် လူသုံးကုန်စသည့် ထောက်ပံ့ရေးပစ္စည်းများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများကို လက်ရောက်ပေးအပ်သည်။

ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်း မြို့ပေါ်ရပ်ကွက်များသို့ သွားရောက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ကွမ်းခြံကုန်းမြို့ တောင်ပိုင်း ဇမ္ဗူသီရိလမ်းရှိ သောက်သုံးရေကန် ပြုပြင်ပြီးစီးမှုနှင့် လျှပ်စစ်မီးတိုင်များ ပြန်လည်ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပံ့ပိုးပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်လှည့်ကျန်းမာရေးအဖွဲ့ ဘိုကလေးမြို့နယ် သဇင်ငူကျေးရွာရှိ သောက်သုံးရေများကို ကလိုရင်းဆေးခတ်ပေးစဉ်။ (ကျန်းမာရေး)

မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဝဇီရာ(၂)၊နဝဒေးနှင့် ရွှေရတနာရုပ်ရှင်ရုံများ စစ်ဆေး

ရန်ကုန် ဇွန် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်သည် ဇွန် ၁၇ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ ဝဇီရာ (၂)ရုပ်ရှင်ရုံသို့လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ နဝဒေးရုပ်ရှင်ရုံသို့ လည်းကောင်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ရှိ ရွှေရတနာရုပ်ရှင်ရုံသို့လည်းကောင်း **(ယာပုံ)** သွားရောက်ပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ ပြန်လည်ပြင်ဆင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမ္မတနှင့် သွင်ရုပ်ရှင်ရုံတို့၌ ‘ဟော့ရှော့’ဇာတ်ကားပြသ ပရိသတ်အကြိုက် နိုင်ငံခြားဇာတ်ကားများရုံတင်

သမ္မတနှင့် သွင် အဆင့်မြင့် ရုပ်ရှင်ရုံတို့၌ ဆက်လက်ပြသနေသည့် ဟော့ရှော့ဇာတ်ကားမှ သူထူးစံနှင့်သက်မွန်မြင့်တို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဇွန် ၁၉

ဇွန်၂၀ရက်(သောကြာ)တွင်ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌မြန်မာဇာတ်ကားသစ်ရုံတင်ခြင်းမရှိဘဲ လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဇာတ်လမ်းဇာတ်ညွှန်း အကြည်တော်နှင့် ဒါရိုက်တာ ညီညီထွန်းလွင်တို့ ရိုက်ကူးသော ဟော့ရှော့ ဟာသဇာတ်ကားသာ ဆက်လက်အောင်ပွဲခံ တင်ဆက်ပြသလျက်ရှိသည်။အဆိုပါဟာသဇာတ်ကားတွင် ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ ဗေလုဝ၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ သက်မွန်မြင့်၊ သင်ဇာဝင့်ကျော်၊ မေတ္တာ၊ အရိုင်း၊ ရန်ပိုင်စိုးနှင့် အေးသီတာတို့ ခေါင်းဆောင်ပါဝင်ထားကြသည်။ သမ္မတနှင့်သွင်ရုံတို့၌ တစ်ပြိုင်တည်း ပြသလျက်ရှိသည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင်နာမည်ကြီးဟောလိဝုဒ်သရုပ်ဆောင်မင်းသားနီကိုလပ်ကေ့ဂျ် ပါဝင်သည့် NATIONAL TREASURE 2 (BOOK OF SECRETS) ဇာတ်ကား ဆက်လက်ပြသမည်ဖြစ်ပြီး ရွှေ့ဆောင်နှင့် နေပြည်တော်ရုံတွင် ပရိသတ်အကြိုက် မျောက်မင်းဝူခုန်းအကြောင်း ရိုက်ကူးထားသည့် THE FORBIDDEN KINGDOM ဇာတ်ကားသစ် ပြသမည်ဖြစ်သည်။ အဆိုပါဇာတ်ကားမှာ နာမည်ကြီး သရုပ်ဆောင်နှစ်ဦးဖြစ်သည့် ဂျက်ကီချန်းနှင့် ဂျက်လီတို့ ပထမဆုံး တွဲဖက်သရုပ်ဆောင်သော ဇာတ်ကားဖြစ်သည်။ ထို့အပြင်ဝင်ငွေအများ ဆုံးရရှိသည့်ဇာတ်ကား တစ်ကားလည်းဖြစ်ပြီး မြန်မာရုပ်ရှင်ကြည့်ပရိသတ်အကြိုက်တွေ့မည့်ဇာတ်ကား တစ်ကားဖြစ်သည်။

အိန္ဒိယရုပ်ရှင်

ဘုရင်ရုံတွင် နာမည်ကြီး အိန္ဒိယရုပ်ရှင်သရုပ်ဆောင် ရှာရွတ်ခန်းပါဝင်သည့် ARMY ဇာတ်ကား ပြသမည်ဖြစ်သည်။ အဆိုပါဇာတ်ကားတွင် ရှာရွတ်ခန်းက တပ်မတော်သားအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

ဆုထူးပန်ရုံတွင် အနောက်တိုင်းဆန်ဆန်နေထိုင်လိုသော သမီးများနှင့် ရိုးရာယဉ်ကျေးမှုကိုအလေးထားသော ဖခင်တို့အကြား ကွဲပြားသော သဘောထားများကို ဖော်ပြသော YAAD- EIN ဇာတ်ကား ပြသမည်ဖြစ်သည်။ (ကြေးမုံ)

အစ္စရေးနှင့် ဟားမတ်စ်အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိသွားပြီ

ဂါဇာ ဇွန် ၁၈

အီဂျစ်နိုင်ငံ၏ ကြားဝင်ဖျန်ဖြေပေးမှုကြောင့် အစ္စရေးနှင့် ပါလက်စတိုင်း ဟားမတ်စ်အဖွဲ့တို့သည် အပစ်အခတ် ရပ်စဲရေးကိစ္စကို ဇွန် ၁၉ရက် မှစ၍အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတွင်အစ္စရေးတို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း လက်နက်ကိုင် ခြောက်ဦး သေဆုံးသည့်အဖြစ်အပျက် ဖြစ်ပွားအပြီး အပစ်အခတ် ရပ်စဲမည်ဆိုသော သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

ထိုအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုမှာ ခြောက်လတာ သက်တမ်းရှိမည်ဖြစ်ကြောင်း အဆိုပါ ဆွေးနွေးပွဲနှင့် သက်ဆိုင်သူ အရာရှိတစ်ဦးက ပြောကြားသည်။ ယခုရရှိလိုက်သော အပစ်အခတ်ရပ်စဲရေး သဘော တူညီချက်ကြောင့် အဆက်မပြတ် သွေးချောင်းစီးနေသော အဖြစ်များ အဆုံးသတ်သွားမည်ဖြစ်သည်။ ဖော်ပြပါ အပစ်အခတ်ရပ်စဲရေးသည် ဇွန် ၁၉ ရက် နံနက် ၆နာရီ (ကမ္ဘာ့စံတော်ချိန် ၃နာရီ) တွင် စတင်ကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားသည်။

ပါလက်စတိုင်းအရာရှိများထံမှ ရရှိသော သတင်းအား အီဂျစ်အရာရှိများထံမှ အတည်ပြုမှုကို ရရှိပြီးနောက် အရှေ့အလယ်ပိုင်း သတင်းအေဂျင်စီက ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ပေကျင်း အိုလံပစ်ပြိုင်ပွဲ သေနတ်ပစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန်အတွက် တရုတ်လက်ရွေးစင် သေနတ်ပစ်သမား ဝန်ယီဖူး လေ့ကျင့်နေစဉ်။

[၎င်းသည် အတွေ့အကြုံရင့်ကျက်သူ သေနတ်ပစ်လက်ရွေးစင်တစ်ဦးဖြစ်ပြီး ၁၉၈၄ ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း ကျင်းပသည့် အိုလံပစ်ပြိုင်ပွဲများ၌ ရွှေနှစ်ခု၊ ငွေသုံးခုနှင့် ကြေးတစ်ခု ရရှိထားသည်။] **(ဓာတ်ပုံ-ပေကျင်းရီဗျူး)**

အာဖဂန်နစ္စတန်၌ တိုက်ပွဲဖြစ်ပွား တာလီဘန် ၃၀ ကျဆုံး

ကဘူး ဇွန် ၁၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခို့စ်ပြည်နယ်တွင် အာဖဂန်တပ်ဖွဲ့များဘက်မှ နိုင်ငံစုံတပ်ဖွဲ့၏လေယာဉ် ပစ်ကူပေးမှုကြောင့် တာလီဘန်တိုက်ခိုက်ရေးသမား ၃၀ သေဆုံးရကြောင်း တာဝန်ရှိသူက အင်္ဂါနေ့တွင် ပြောကြားသည်။

ဇွန် ၁၆ ရက် ညပိုင်းက တာနိုင်းခရိုင်ရှိ ရဲစစ်ဆေးရေးစခန်းကို တာလီဘန်တိုက်ခိုက်ရေးသမား ၂၀၀ ခန့် စီးနင်းတိုက်ခိုက်ခဲ့ပြီး ရဲတပ်ဖွဲ့က ပြန်လည်ပစ်ခတ်ခြင်းကြောင့် သုံးနာရီကြာ တိုက်ပွဲအတွင်း သူပုန် ၃၀ သေဆုံးခဲ့ကြောင်း တာနိုင်းခရိုင်တာဝန်ရှိသူက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အာဖဂန်လုံခြုံရေးတပ်ဖွဲ့များဘက်မှ နိုင်ငံစုံတပ်ဖွဲ့များ ပူးပေါင်းတိုက်ခိုက်မှုကြောင့် ဇွန် ၁၄၊ ၁၅ ရက်ကလည်း သောင်းကျန်းသူ ၆၀ ကျော် သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြင်သစ်စစ်လေယာဉ်များကို ပစ်ချမည်ဟု ချဒ်သူပုန်တို့ ခြိမ်းခြောက်

ယောင်ဒီး ဇွန် ၁၈

ချဒ်နိုင်ငံအရှေ့ပိုင်းတွင်ဗုဒ္ဓဟူးနေ့က ချဒ်သူပုန်များ ထိုးစစ်သစ်ဖြင့် စတင်တိုက်ခိုက်ခဲ့ကြောင်း၊ လေကြောင်းမှ ကင်းထောက်ခြင်းလုပ်ငန်းများ ရပ်တန့်ရန် ပြင်သစ်အစိုးရကို တောင်းဆိုထားကြောင်း၊ သို့မဟုတ်ပါက ပြင်သစ်လေယာဉ်ကို တရားဝင် ပစ်မှတ်များအဖြစ် သတ်မှတ်၍ တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ချဒ်သူပုန်များ ပြောကြားသည့် သတင်းများကို ဆင်ဟွာ၌ ဖော်ပြထားသည်။

အတိုက်အခံ လက်နက်ကိုင်တပ်ဖွဲ့များကို ရန်သူသဖွယ်ပြုမူနေခြင်းကို ပြင်သစ်အစိုးရအနေဖြင့် ချက်ချင်းရပ်ဆိုင်းပေးရန် အလေးအနက်တောင်းဆိုသည်ဟု သူပုန်တပ်ဖွဲ့များက ထုတ်ပြန်သည်။ ထိုတောင်းဆိုချက်ကို မလိုက်နာပါက ပြင်သစ်တို့၏ ဘရီဂက်အက်လန်စ်နှင့်မီရာ့ဂျ် တိုက်ဂျက်လေယာဉ်များကို ပစ်ချရမည်ဖြစ်ကြောင်း သူပုန်အဖွဲ့ဖြစ်သော အမျိုးသားမဟာမိတ်အဖွဲ့မှပြောရေးဆိုခွင့်ရှိသူက သောကြာနေ့တွင် ပြောကြားသည်။

ချဒ်နိုင်ငံ စစ်မြေပြင်ဒေသတွင် ယူဖော(EUFOR)တပ်ဖွဲ့များသည် အရပ်သားများကို ကာကွယ်ပေးရန်ဟူသော ရည်ရွယ်ချက်ဖြင့် ရောက်ရှိနေကြသည်။ ပြင်သစ်တပ်ဖွဲ့များ၏ လုပ်ဆောင်ချက်သည် ဦးတည်ချက်ဘောင်ကိုကျော်လွန်နေပြီဖြစ်ကြောင်း သူပုန်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပြင်သစ်တပ်ဖွဲ့များ အနေဖြင့် အတိုက်အခံတပ်ဖွဲ့များ၏သတင်းများကို အစိုးရတပ်ဖွဲ့များသို့ ပေးပို့နေခြင်းဖြင့် (EUFOR)တပ်ဖွဲ့များ၏ဦးတည်ချက်ကို ဖောက်ဖျက်နေမည်ဆိုလျှင် မမျှော်လင့်နိုင်သော နောက်ဆက်တွဲဖြစ်ရပ်များနှင့် ကြုံတွေ့ရလိမ့်မည်ဟု သူပုန်တပ်ဖွဲ့များက ခြိမ်းခြောက်ထားသည်။

ပြင်းထန်သည့် တိုက်ပွဲဖြစ်ပွားပြီးနောက် အစိုးရတပ်ဖွဲ့မှလက်နက်တင် တိုက်ခိုက်ရေးရဟတ်ယာဉ်တစ်စင်းကို ပစ်ချခဲ့သည်ဟု ကြာသပတေးနေ့တွင် သူပုန်များက ကြေညာခဲ့သည်။ သို့သော် ထိုသတင်းမဟုတ်မှန်ကြောင်း အစိုးရက ငြင်းဆိုခဲ့သည်။ အဆိုပါ ရဟတ်ယာဉ်သည် အင်ဂျင်ချို့ယွင်းမှုဖြစ်ပြီး အဘီချီဒေသ အနီးသို့ ဆင်းရန် ကြိုးပမ်းခဲ့ခြင်းသာ ဖြစ်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ခန်းယူနစ်ဒေသတွင် အစ္စရေးက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့်ယာဉ်တစ်စီးကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦး သေဆုံး

ကဘူး ဇွန် ၁၉

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲမန်ပြည်နယ်တွင် ဇွန် ၁၇ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားမှုကြောင့် နေတိုးတပ်ဖွဲ့ဝင် လေးဦး သေဆုံးကြောင်း မဟာမိတ်အဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပြောကြား

သေဆုံးသူလေးဦးသည် ဗြိတိသျှလူမျိုးများဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနကပြောကြားသည်။သေဆုံးသူလေးဦးအနက် ထောက်လှမ်းရေးတပ်ဖွဲ့မှ တစ်ဦးပါဝင်ပြီး ဟဲမန်ပြည်နယ် လာချ်ကာဂါ့ချ်ဒေသ အရှေ့ဘက်စစ်ဆင်ရေးတစ်ခုတွင် တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း အခြားတပ်ဖွဲ့ဝင် ၁၅ ဦး ဒဏ်ရာရရှိကြောင်း ယင်းဌာနက ပြောကြားသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က ပါရာချက်တပ်ရင်းကြီးမှ တပ်ဖွဲ့ဝင် ငါးဦး သေဆုံးခဲ့ပြီးနောက် ၂၀၀၁ ခုနှစ်ကတည်းက အာဖဂန်နစ္စတန်နိုင်ငံတွင် သေဆုံးသူ ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၆ ဦးဖြစ်လာကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိုင်တီမြို့သစ် ၄၃ မြို့ အိန္ဒိယ၌ တည်ထောင်ရန် စီစဉ်လျက်ရှိ

နယူးဒေလီ ဇွန် ၁၈

အိန္ဒိယနိုင်ငံတစ်ဝန်းတွင် သတင်းနည်းပညာဆိုင်ရာ အိုင်တီမြို့ကြီးပေါင်း ၄၃ မြို့ကို အသစ်တည်ထောင်ဖွင့်လှစ်သွားရန် အာဏာပိုင်များက စီစဉ်လျက်ရှိသည်။

လာမည့် ၁၀ နှစ်ကာလအတွင်း ကမ္ဘာ့အိုင်တီ ဝန်ဆောင်မှုဈေးကွက်ဝယ်လိုအား မြင့်တက်လာရန်ရှိခြင်း၊ အိုင်တီလုပ်ငန်း နယ်ပယ်တွင် ထိပ်တန်းနေရာ၌ ရောက်ရှိနေသော အနေအထားကို ဆက်လက် ထိန်းသိမ်းထားရန် ရည်ရွယ်ထားခြင်းစသည့် အကြောင်းများကြောင့် အိုင်တီမြို့သစ်များကို တည်ထောင်ရန် စီစဉ်ခြင်းဖြစ်သည်။

ယခင်အခါက အိန္ဒိယနိုင်ငံတွင် အခြေခံအဆောက်အအုံများ သုံးစွဲခွင့်ရရှိရန် စရိတ်စကသက်သာခြင်း၊ အလုပ်သမားများ၏ လုပ်ခဈေးပေါခြင်းစသည့် အားသာချက်များ ရှိခဲ့သည်။ သို့သော် ယခုအခါ မြို့ကြီးများတွင် ထိုအားသာချက်များ ပျောက်ကွယ်သည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ယင်းသို့သော အခြေအနေတွင် အိုင်တီမြို့သစ်များ တည်ထောင်ရန် အစီအစဉ် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ဇွန် ၁၆ ရက်ထုတ် တိုင်းအော့ဖ်အိန္ဒိယ သတင်းစာက ဖော်ပြသည်။

တစ်ချိန်ကကမ္ဘာ့အိုင်တီဝန်ဆောင်မှုလုပ်ငန်းများတွင်စရိတ်စကသက်သာပြီး ဝန်ဆောင်မှုအား ကောင်းသဖြင့် ကမ္ဘာ့ထိပ်တန်းနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် ယခုအခါ ထိုလုပ်ငန်းနယ်ပယ်တွင် အရည်အသွေး တူ ဝန်ဆောင်မှုမျိုးကို စရိတ်သက်သက်သာသာဖြင့် ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကလည်း အပြိုင်အဆိုင် လုပ်ကိုင်လာသည်။ သို့ဖြစ်၍အိုင်တီလုပ်ငန်း ဝန်ဆောင်မှုနယ်ပယ်တွင် အိန္ဒိယ၏အနေအထားကို ခြိမ်းခြောက်လာလျက်ရှိသည်။

အိုင်တီမြို့သစ်တစ်မြို့၏ အကျယ်အဝန်းသည် ပျမ်းမျှအားဖြင့် ဟက်တာ ၅၀၀ ကျော်ရှိမည်ဖြစ်ပြီး ထို တည်ဆောက်မှုအားလုံး ၂၀၁၈ ခုနှစ်တွင် ပြီးစီးသွားပါက အလုပ်အကိုင်နေရာပေါင်း ၃ ဒသမ ၅ သန်း ပေါ်ပေါက်လာမည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန် နိုင်ငံ ကဘူးမြို့တောင်ဘက် ကန်ဒါဟာ ပြည်နယ်တွင် တာလီဘန် စစ်သွေးကြွများ ဗုံးဖြင့် တိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင် လေးဦး သေဆုံးပြီးနောက် အာဂန်ဒတ်ခရိုင်ရှိ စစ်ဆေးရေးစခန်းတွင် လုံခြုံရေး ဆောင်ရွက်နေသောအာဖဂန်တပ်ဖွဲ့ဝင်တစ်ဦးကို ဇွန် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြွန်တန်ဆာဒေသအတွက် စာရေးကိရိယာနှင့် အဆောက်အအုံရန်ပုံငွေ လှူဒါန်း

ရန်ကုန် ဇွန် ၁၉

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ သတ္တမအကြိမ်မြောက် ပြွန်တန်ဆာမြို့နှင့် ပြွန်တန်ဆာဒေသ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီး ပညာသင်ကျောင်းများနှင့် စာသင်တိုက်များရှိ ဆင်းရဲသော ကျောင်းသားကျောင်းသူများအတွက် ဗလာစာအုပ်၊ စာရေးကိရိယာလှူဒါန်းပွဲနှင့် ပြွန်တန်ဆာမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆောက်အအုံရန်ပုံငွေ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၄ ရက်တွင် အဆိုပါကျောင်း(ခွဲ)၌ကျင်းပရာ ရှေးဦးစွာ ပြွန်တန်ဆာအသင်း(ရန်ကုန်) ဥက္ကဋ္ဌ ဦးသောင်းလွင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်က ကျေးဇူးတင်စကားပြောကြားကာ လှူဒါန်းသည့်ဗလာစာအုပ်နှင့် စာရေးကိရိယာများကို လက်ခံ၍ ပြွန်တန်ဆာမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆောက်အအုံဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဦးက အလှူငွေများကိုလက်ခံသည်။ **(အပေါ်ယာပုံ)**

အဆိုပါလှူဒါန်းသည့် ဗလာစာအုပ်ဒါဇင် ၁၅၀၀ နှင့် ခဲတံ ဒါဇင် ၆၀ တို့၏ တန်ဖိုးမှာငွေကျပ် ၂၅ သိန်းဖြစ်ပြီး ပြွန်တန်ဆာမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဆောက်အအုံရန်ပုံငွေမှာ ငွေကျပ် ၁၀ သိန်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

The Live News ဂျာနယ် အမှတ်(၈၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၁၉

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ်(၈၅)တွင် မြင်းမူမောင်နိုင်မိုး၏ လောကနီတိကဗျာများ၊ နီမင်းဆွေ၏ (No Country For Old Man) ကမ္ဘာ့မဲ့ဇရာ(၂)၊ ကိုကိုလှိုင်၏ အိုဘားမား၏ အိမ်ဖြူတော်ခရီး၊ သစ်လွင်မိုး၏ ဆာကိုဇီရဲ့ ပြုပြင်ပြောင်းလဲရေးမျက်လှည့်ပွဲများနှင့် ဂေါ်ဒွန်ဘရောင်းရဲ့ ရွေးကောက်ပွဲအကြို စမ်းသပ်ချက်၊ စဝ်ဝဏ္ဏဝင်း(တောင်ကြီး)၏ ငွေနှင်းဖွေးဖွေး နောင်အင်းလေး၊ အောင်ကျော်ဆန်း၏ ရာပြည့်စေတနာသမ္မာရ၏ ထာဝရကုသိုလ်တော်၊ မောင်မြတ်မွန်(ဆူးလေ)၏ ပုစွန်တောင်ချောင်းရိုးတစ်လျှောက် ကွေ့ဝိုက်ဖောက်လုပ်ထားတဲ့ အထက်/အောက် ပုဇွန်တောင်လမ်းမကြီး၊ တီတီအိပ်ချ်(ပြည်)၏ နင်လားဟဲ့-လောကဓံ၊ မောင်နေလင်း၏ တက္ကစီမင်းနှင့်စိတ်ဓာတ်၊ ဆြာစန်း၏ ဤတစ်ပတ်တွက်တာ သင့်ဘဝကံကြမ္မာအဖြေရှာ၊ အမေရိကန်၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပါကစ္စတန် အစိုးရတပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံး၊ ကြွက်ကလေးတွေကို မောင်းထုတ်တော့မယ့် ဘီလ်ဂိတ်၊ လောင်စာဆီဈေး ထိုးတက်သွားမှု ကမ္ဘာ့အနှံ့ဂယက်ရိုက်ခတ်၊ တောင်ကိုရီးယားမှ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြလှုပ်ရှားမှု၊ တံစိုးလက်ဆောင်တွေရယူနေကြတဲ့ ဂျပန်အရာရှိ ၅၀၀၊ ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း(၇၇၊၇၈)၊ ပင်လယ်ပျော်မင်းသားအပိုင်း(၅၊၆)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာတင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃ လ-၁၃ စောင် ၅၈၅၀ိ/ ၆ လ-၂၆ စောင်-၁၁၇၀၀ိ နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်-၃၁၀ အခန်း(၀၀၄) ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် MARKET CARE (Distribution Services) အမှတ်-၅၅ ပထမထပ် ဝါးတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၁၈ ၉၂၈၅ သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့နေ

ဆယ်သန်း ဦးအေးမောင်-ဒေါ်သောင်းကျင်တို့၏ တစ်ဦးတည်းသောသားထွေး

မောင်ထွန်းထွန်းအေး

Sales & Marketing Executive Interlocal Exim Pet. Ltd(Singapore)

B.Sc(Hons)., MBA, M.Sc(Logistics)(NTU.Singapore)

DA.DPRM.DMP.(LCCI -UK) IDSC (NCC.UK)

နှင့်

ရန်ကုန်မြို့နေ ဆရာရန်ကြီးအောင်(ဆန်းကျမ်း လက္ခဏာပညာရှင်)-

ဒေါ်ခင်မြတ်သူ(ရတနာရောင်းဝယ်ရေး)တို့၏ တစ်ဦးတည်းသောသမီး

မမြတ်သီရိအောင်

B.Com., MBA, DA(LCCI UK)ACCA(Skill Level)

တို့၏ ၁၅-၆-၂၀၀၈ ရက်တွင် ရန်ကုန်မြို့ YUZANA GARDEN HOTEL နှင့် ၁၉-၆-၂၀၀၈ ရက်တွင် မန္တလေးမြို့စံပယ်ရုံ မိုးကုတ်ဝိပဿနာရိပ်သာတို့တွင် ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော (Golden Kye Co.Ltd)CEO ဦးမြတ်ကောင်းနှင့် ဇနီးဒေါ်နွယ်နီအေးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကံဇော်နှင့်ဇနီး ယဉ်ကျေးမှုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါ်နန္ဒာမွန်အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်၊ နယ်ဘက်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ ဂုဏ်သရေရှိဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော ဒေါ်ခင်မိုးဥ၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင်စိမ်းမိုမိုနှင့် The Aces တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မဝိုင်းနန္ဒာလင်း၊ မင်္ဂလာပန်းကုံး ကိုင်ဆောင်ပေးသော မမင်းသွဲ့ငြိမ်း၊ မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးသော မစိုးစံမိုး၊ မင်္ဂလာသတို့သားအရံများအဖြစ်ဆောင်ရွက်ပေးသော မောင်ထူးအောင်ပိုင်၊ မောင်ဝင်းမင်းထက်၊ မင်္ဂလာသတို့သမီးအရံများအဖြစ်ဆောင်ရွက်ပေးသော မအိရွှေစင်ထက်၊ မသော်တာသန့်၊ မေတ္တာဖြင့်စိန်ရတနာများဝတ်ဆင်ပေးသော ဒေါ်မြင့်မြင့်အေး (ဆရာမ)စိန်ရတနာရောင်းဝယ်ရေး၊ မေတ္တာဖြင့် ဂုဏ်ပြုသီဆိုပေးသော ဒေါ်စမ်းစမ်းအေး (ကြည်သဒ္ဒါသျှင်)နှင့် မဖြူသန့်ထွန်း၊ မိတ်ကပ်ဆံပင်အလှဖန်တီးသော စိုးအောင် B.Sc(Phy)၊ သတို့သမီးဝတ်စုံနှင့် ပန်းအလှမင်းမင်း(ဟန်ရွှေဦး)၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ Yuzana Garden Hotel မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသောသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်ထွန်းထွန်းအေး- မမြတ်သီရိအောင်

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေး တေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၁၅	၄။	မဟာဂီတချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	အမျိုးသားရေး တေးကဗျာ
၄း၄၀	၇။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀	၈။	အမျိုးသားရေး တေးကဗျာ
၅း၀၀	၉။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဒိုးဒိုးဒေါက်ဒေါက် ဘုန့်ဘောက် အပိုင်း (၁၀)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေး တေးကဗျာ
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဆန့်ကျင်ဘက် နှလုံးသား အပိုင်း (၁၉)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။



နောက်နှစ်ရက်အတွက် မှတ်သုံလေ အားကောင်းမည်

ရန်ကုန် ဇွန် ၁၉

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့်ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်တွင် ၀ ဒသမ ၅၁ လက်မ၊ ခရမ်းမြို့တွင် ၄ ဒသမ ၅၃ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၉၀ လက်မ၊ မြစ်ကြီးနားမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ သထုံမြို့တွင် ၂ ဒသမ ၅၆ လက်မ၊ ပဲခူးမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၁ ဒသမ ၆၂ လက်မ၊ ဘားအံမြို့တွင် ၁ ဒသမ ၄၂ လက်မနှင့် ပင်လောင်းမြို့တွင် ၁ ဒသမ ၂၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေပါသည်။

ဇွန် ၂၀ ရက်ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့်ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၃ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်)၁၈-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်(၇၁ ဒီဂရီဖာရင်ဟိုက်)၁၉-၆-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၂ ရာခိုင်နှုန်း ၁၉-၆-၂၀၀၈

နေပူသည့်နာရီပေါင်း ၂ ဒသမ ၂ နာရီခန့် ၁၈-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၉-၆-၂၀၀၈	၁၉မမ(၀ဒသမ၇၅လက်မ)	၄၁မမ(၁ဒသမ၆၂လက်မ)	၄မမ(၀ဒသမ၁၆လက်မ)
၁-၁-၂၀၀၈မှ			
ယနေ့အထိ	၉၁၄မမ(၁၆ဒသမ၇၇လက်မ)	၁၁၄၁မမ(၄၅ဒသမ၀၀လက်မ)	၁၄၁၀မမ(၅၆ဒသမ၁၀လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၈-၆-၂၀၀၈ နေ့ ၁၄း၃၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ (၅)မိုင်နှုန်း တိုက်ခတ်သည်။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။
* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။